# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၄)ရက် ၊ တနင်္လာနေ့ ၊ (4-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၈၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ယခင်နှစ်က မဟာအံ့ထူးကံသာ တန်ဆောင်တိုင်မီးပုံးပျံလွှတ်ပွဲတော်ကို တွေ့ရစဉ်။

## ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရား တန်ဆောင်တိုင်မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်ပွဲနှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပမည်

ပြင်ဦးလွင် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရား တန်ဆောင်တိုင်မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်ပွဲနှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားဂေါပကအဖွဲ့ဝင် ဦးဝင်းမြင့်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင် မဟာအံ့ထူးကံသာဘုရား တန်ဆောင်တိုင်မီးထွန်းပွဲ၊ မီးပုံးပျံပွဲနှင့်အတူ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်ပြီး မြို့ချစ်မီးပုံးပျံကြီးနှင့်အတူ ALL_FINE လူငယ်စိန်နားပန်မီးပုံးပျံ၊ရွှေဇီးကွက်အရုပ်မီးပုံးပျံတို့ကို တန်ဆောင်မုန်းလပြည့်နေ့တွင် လွှတ်တင်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

**တန်ဆောင်မုန်းလနှင့် ကထိန်ပွဲတော်**

ဆောင်းပါး စာမျက်နှာ- ၂၃

**အရာတော်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာဧက ၁၃၃၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်**

စာမျက်နှာ- ၂

**မနေပြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း မနောသုခဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့**

စာမျက်နှာ- ၁၅




ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေး

နိုင်ငံ၏ဂုဏ်ကို ကောင်းမွန်စွာဖော်ပြနိုင်သည့်အရာများထဲတွင် အားကစားကဏ္ဍလည်းပါဝင်ပေသည်။ ထို့ကြောင့် အားကစားကဏ္ဍတွင် မျိုးဆက်သစ်အားကစားသမားများပေါ်ထွန်းလာစေရေးအတွက် အမျိုးသားအားကစားပွဲတော်များကို ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာတွင် ပထမအကြိမ်အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ် မေ ၃ ရက်မှ ၁၆ ရက်ထိလည်းကောင်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက်ထိလည်းကောင်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၄ ရက်ထိလည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်ထိလည်းကောင်း လေးကြိမ်ထိကျင်းပခဲ့ပြီဖြစ်သည်။ ယခု ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ပေသည်။

ယခုကျင်းပမည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်နှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများအတွက် အလားအလာရှိသည့်လက်ရွေးစင်အားကစားသမားများရွေးချယ်မည်ဖြစ်သည်။ ထိုသို့ရွေးချယ်ရာတွင်လည်း အမှန်တကယ်အရည်အချင်းရှိသူများကို စိစစ်ရွေးချယ်နိုင်ရေးအတွက် အားကစားနည်းအလိုက် အံဝင်ခွင်ကျရှိမည့်စံနှုန်းသတ်မှတ်ချက်နှင့်အညီ နည်းစနစ်ကျွမ်းကျင်သူများဖြင့် စနစ်တကျရွေးချယ်သွားရမည်ဖြစ်ပေသည်။

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပြိုင်ပွဲအဖြစ်သာမရှုမြင်ဘဲ နိုင်ငံတော်အဆင့်အဓိပ္ပာယ်ရှိရှိ၊ အရည်အသွေးမြင့်မြင့်နှင့်စနစ်တကျအောင်မြင်အောင်ဆောင်ရွက်သွားကြရမည့်အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

အားကစားသည် ယဉ်ကျေးသောလူ့အဖွဲ့အစည်းတစ်ရပ်၏ အထိမ်းအမှတ်လက္ခဏာဖြစ်သည်ဟု မှတ်ယူကြသည်။ တစ်နည်းအားဖြင့် လူသားစုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုရှေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ်လှုပ်ရှားမှုအဖြစ် လူတစ်ဦးချင်း၊ လူတစ်စု လူတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သော အပြန်အလှန်ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးနိုင်သည့်အရာဟု အဓိပ္ပာယ်ဖွင့်ဆိုကြပေသည်။

အားကစားဟူသည် ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့်အခြေခံအချက်များအပေါ် မူတည်လျက်ရှိသောကြောင့် အားကစားသမားများအနေဖြင့် အဆိုပါအရည်အသွေးများ ပြည့်ဝနေအောင် ကြိုးစားကြရမည်ဖြစ်သည်။ ထို့ပြင် မိမိတို့၏ ကျွမ်းကျင်မှုအတွေ့အကြုံနှင့်အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့်အယူအဆ၊ မှန်ကန်မြန်ဆန်သည့်ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်အသုံးချယှဉ်ပြိုင်ပါက အောင်ပွဲဆင်နိုင်မည်ဖြစ်ပေသည်။

အားကစားကဏ္ဍသည် ကျန်းမာကြံ့ခိုင်စေသည့်အပြင် အားကစားသမားရော အားပေးကြသူများပါ စိတ်ဓာတ်ခွန်အားမြင့်မားစေသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ အားကစားကဏ္ဍအောင်မြင်မှုဖြင့် အားကစားသမားများ စိတ်ဓာတ်ခွန်အားမြင့်မားလာကြသကဲ့သို့ နိုင်ငံ့ဂုဏ်လည်းမြင့်မားပြီး နိုင်ငံနှင့်လူမျိုးအတွက်လည်း ခွန်အားဖြစ်စေသည်။ ထို့ကြောင့် နိုင်ငံတော်က အားကစားကဏ္ဍကိုမြှင့်တင်ပေးလျက်ရှိရာ မျိုးဆက်သစ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ပြိုင်ပွဲဝင်အားကစားသမားတိုင်းက ကြိုးစားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုအားပေး



**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၁၅) အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါကျောင်းသို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ကို တိုင်းဒေသကြီး ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းဝင်းအတွင်း ရေဝပ်နေမှုအခြေအနေများ၊ ဆရာ၊ ဆရာမအင်အား၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် သင်ကြားနေမှု အင်အားနှင့် ကြုံတွေ့နေရသည့် အခြေအနေများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဥပစာရိပ် ကောင်းမွန်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ အမြဲသန့်ရှင်းသပ်ရပ်ရေး၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာပညာသင်ကြားရေးတို့ကို အလေးထား ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်းပြောကြား၍ ရှင်းလင်းတင်ပြမှုများအပေါ်ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချမ်းမြသာစည်မြို့နယ်ရှိ ဆင်ဖြူကန်ကွင်းအတွင်း စက်ယန္တရားယာဉ်များဖြင့် ရေနီ မြောင်းအား ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ သန့်ရှင်းသာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးကျော်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးသလဲထိုးပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးသလဲထိုးပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် စက်တင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၆၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးသလဲထိုးပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လထဲမှာ ဘိုကလေးမြို့နယ်ကနေ ငါးသလဲထိုးအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့တာမှာ ငါးသလဲထိုး ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေတာပါ။ ဒေသရေထွက်ကုန်တစ်ခုဖြစ်တဲ့ ငါးသလဲထိုးကို ရန်ကုန်ဈေးကွက်က နောက်ထပ်လဲအများအပြား မှာယူမှုတွေရှိနေပါတယ်။ကုန်ချိန်အများအပြား တင်ပို့ရတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေအဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုး အပါအဝင် ရေထွက်ကုန်များတင်ပို့အား ကောင်းလာသည့်အတွက် ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ရေလုပ်သားများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုအဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ဧက ၁၁၃၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မုံရွာ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ဧက ၁၁၃၀ ထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၂၆၃၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော နေကြာများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၁၁၃၀ ရိတ်သိမ်းပြီးစီးပြီး ဖြစ်ရာ တစ်ဧကလျှင် ၂၀ ဒသမ ၇၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နေကြာဧက ၂၆၃၀ ထိ စိုက်ပျိုးနိုင်ခဲ့တာပါ။ အခုလက်ရှိ စိုက်ပျိုးထားတဲ့ နေကြာတွေကို ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ နေကြာဧက ၁၁၃၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက စားအုန်းဆီ တင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်ပိုများတယ်။နေကြာစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်" ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း-ဒေါ်အေးအေးကြိုင် မိသားစုက ဆွမ်းအလှူငွေကျပ် ၇၀၀၀၀၀၊ မျက်စိခွဲနေသော သံဃာ၊ သီလရှင်များအတွက် ငွေကျပ် ၉၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၆၀၀၀၀၀ လှူဒါန်းရာ နာယကဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ဦးမိတ်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တီလားဗီးယား ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တီလားဗီးယားပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက တီလားဗီးယား ပိဿာချိန် ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တီလားဗီးယား ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းဈေးကွက်ကလဲ တီလားဗီးယားငါးတွေ ဝယ်ယူမှု များပြားနေပါတယ်။ ဒါ့ကြောင့် ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါး ပိဿာချိန်တွေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အလုပ်အကိုင်အဆင်ပြေစွာ လည်ပတ်နေရပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် မွေးမြူသည့် တီလားဗီးယားငါးနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားဗီးယားငါးများ ထွက်ရှိကြောင်း၊ အဆိုပါဒေသမှရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သော တီလားဗီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ဘားအံမြို့နယ် ချမ်းသာ(ရွာသစ်)ကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကော့စိန်ဘန်(အောက်)ကျေးရွာအုပ်စု ချမ်းသာ(ရွာသစ်)ကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ချမ်းသာ(ရွာသစ်) ကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် အားလုံးဝိုင်းဝန်းစောင့်ရှောက်သွားကြရန်ဆွေးနွေးမှာကြားသည်။

ချမ်းသာ(ရွာသစ်)ကျေးရွာ၌ အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

## ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၇၆၄၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ချောင်းဦး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၁၇၆၄၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းမိုးကြို ၈၇၅၂ ဧက နှင့် ပဲတီစိမ်းမိုး ၁၄၀၃၂ ဧက စုစုပေါင်း၂၂၇၈၄ ဧကစိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်း ၂၂၇၈၄ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၇၆၄၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများ ရိတ်သိမ်းမှုကို ဩဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မိုးကြို ပဲတီစိမ်း ၈၇၅၂ ဧက၊ တစ်ဧကလျှင် ၁၇ ဒသမ ၄၅ တင်းနှင့်မိုးပဲတီစိမ်း ၈၈၉၂ ဧက၊ တစ်ဧကလျှင် ၁၈ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။

(၂၀၆)



# ဝါသနာနှင့် အလုပ်အကိုင်

**ချစ်နိုင်(စိတ်ပညာ)**

တစ်ရံရောအခါက ကျောင်းနေဖက် ကျောင်းသားဟောင်းသူငယ်ချင်းတစ်စုသည် စိတ်ပညာဌာန အာစရိယပူဇော်ပွဲပြုလုပ်ရန် မကြာခဏ စုဝေးတိုင်ပင်ကြခြင်းမှအစပြုကာ ဆရာကန်တော့ပွဲပြီးသွားခဲ့ပြီဖြစ်သော်လည်း ကွဲကွာသွားကြရာမှ ရန်ကုန်မှာ ပြန်ဆုံကြရသောကြောင့် စကားတွေလက်ဆုံပြောလို့မကုန်ဖြစ်နေကြလေသည်။ တကယ်တော့ ၁၉၇၀ ဝန်းကျင်က ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရခဲ့ကြသူတွေအများစုကို အမာခံတည်ကာ ဆရာကြီးဒေါက်တာကျော်စိန် နည်းပြဆရာဖြစ်စဘဝ တပည့်ဖြစ်ခဲ့ဖူးလေသော ဦးချူတီးဆိုသူ အသက် ၇၀ ကျော် စက်လှေပိုင်ရှင် သူဌေးကြီးတစ်ယောက်လို စီနီယာကျောင်းသားကြီးများလည်း ပါဝင်သည်။

ဤသို့ဖြင့် တစ်လတစ်ကြိမ် လတစ်လ၏နောက်ဆုံးပတ် သောကြာနေ့ ညနေပိုင်းတွင် ဝိုင်းစုထိုင်ကာ လက်ဖက်ရည်ဝိုင်းဖွဲ့ကြသည်။ လအတော်ကြာတော့ ရေနွေးကြမ်းအပြင် ဘီယာပုလင်းများလည်း အချို့ကယူလာကြသည်။ သူငယ်ချင်းနှစ်ယောက်၊ သုံးယောက်ပေါင်းပြီး ညစာဒကာခံသောအလှူရှင်တွေလည်း ပေါ်ပေါက်လာလေသည်။

ဦးချူတီးက ဆရာကြီးဗိုလ်ကလေးတင့်အောင်နှင့် ခင်မင်ရင်းနှီးသဖြင့် အဆိုတော် ကိုမင်းနောင်၊ ရီရီသန့် စသော ဂီတအသိုင်းအဝိုင်းမိတ်ဆွေများပါခေါ်လာပြီး စာရင်းသောက်ရင်း ဆိုကြ၊တီးကြပါသည်။ အော်ဂင်စန္ဒရားလေးနှင့်ပေါ့။

ဤသို့ဖြင့် နှစ်ကာလအတန်ကြာလာသောအခါ စိတ်ပညာ ကျောင်းသားဟောင်းများသာမက စိတ်ပညာအသုံးချဒီပလိုမာ တက်ရောက်အောင်မြင်ခဲ့သူတချို့လည်း ပါဝင်လာသည်။ ရန်ကုန်တက္ကသိုလ်မှသာမက အခြားတက္ကသိုလ်မှ စိတ်ပညာဘွဲ့ရခဲ့ကြသူများလည်း ပါဝင်လာကြသည်။ ဆရာကန်တော့ပွဲတွင် လူအင်အား၊ ကျောင်းသား၊ ကျောင်းသူများ အတော်များပြားလာခဲ့ပါသည်။ မန္တလေးတက္ကသိုလ်မှာရော၊ ရန်ကုန်တက္ကသိုလ်မှာရော အာစရိယပူဇော်ပွဲ စတင်ကျင်းပလာခဲ့ကြသည်မှာ နှစ်ပေါင်း ၃၀ ကျော်လာခဲ့ပေပြီ။ မေဂျာကျောင်းသားနည်းခဲ့သဖြင့် အချင်းချင်းစည်းလုံးကြပါသည်။ မိမိက တက္ကသိုလ်နှစ်ခုစလုံးက စိတ်ပညာဌာနတွင် ပညာဆည်းပူးခဲ့သဖြင့် နှစ်ပွဲလုံးသို့ နှစ်စဉ် ပါဝင်ပူဇော်ကန်တော့ပါသည်။

ဆရာကန်တော့ပွဲများအကြောင်းထက် ဤဆောင်းပါးက ဝါသနာနှင့် အလုပ်ခွင် တစ်ထပ်တည်းကျဖို့ရာ အလွန်ခက်ခဲလှကြောင်း သာဓကဆောင်တင်ပြလိုရင်းဖြစ်ပါသည်။ ကျွန်တော်တို့စိတ်ပညာ တက္ကသိုလ်မှာ လေးနှစ်၊ ခြောက်နှစ်စသဖြင့် ကျောင်းမှာအတူသင်ယူခဲ့ကြပါသော်လည်း ဘဝတက္ကသိုလ် သမုဒ္ဒရာကြောမှာ ဝမ်းစာဝမ်းရေး၊ အသက်မွေးဝမ်းကျောင်းအတွက် ရုန်းကန်ကူးခတ်ကြရသောအခါ မိမိတို့သည် တစ်ယောက်တစ်ဘဝစီ ဝေးကွာကင်းကွာခဲ့ကြရပါတော့သည်။

တက္ကသိုလ်မှာပဲ ဆရာ၊ဆရာမ၊ နည်းပြ၊ ကထိက၊ ပါမောက္ခဖြစ်သူကဖြစ်ကြသည်။ အဆိုတော်၊ ပွဲစား၊ ကုန်သည်၊ ရှေ့နေ၊ ပလပ်စတစ်လုပ်ငန်းပိုင်ရှင်၊ စက်ရုံပိုင်ရှင်၊ ဆောက်လုပ်ရေးကန်ထရိုက်တာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်၊ စစ်မှုထမ်း၊ ရှေ့နေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအရာရှိ၊ စားသောက်ဆိုင်ပိုင်ရှင်၊ ဟိုတယ်ပိုင်ရှင်၊ စာပေထုတ်ဝေသူ၊ စာရေးဆရာ၊ သတင်းစာဆရာ၊ ရုပ်ရှင်ဒါရိုက်တာ စသည်ရေတွက်၍မကုန်နိုင်လောက်အောင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွဲပြားသောနယ်ပယ်စုံလင်များပြားလှပါသည်။

အချို့လည်း ချမ်းသာကြသည်၊ အချို့မှာ ဆင်းရဲကြသည်။

အချို့ကားအောင်မြင်သည်၊ အချို့မူ အဆင်မပြေ။

အချို့က ကျန်းကျန်းမာမာ၊ လန်းလန်းဆန်းဆန်း။

အချို့ကတော့ ကျန်းမာရေးချူချာ၊ အားနည်းရှာကြ။

စသည်ဖြင့် အလျားအနံကော၊ အနိမ့်အမြင့်ကော အလွန်တရာဝေးကွာ ကွဲပြားခြားနားသွားခဲ့ကြလေသည်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဘဝက မျှော်မှန်းချက်နှင့် တစ်ထပ်တည်းကျခဲ့သူလည်းရှိသည်။ မကျသောသူများလည်းရှိခဲ့သည်။ စိတ်ပညာဖြင့်သက်ဆိုင်ဆက်စပ်သောနယ်ပယ်ဖြင့် အသုံးချနိုင်သူလည်းရှိသည်။ စိတ်ပညာနှင့်အလုပ်အကိုင်နှင့် အဆက်အစပ်ဝေးသောသူတချို့လည်း တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ စိတ်ပညာကား လူ၏အပြုအမူကို လေ့လာသိမြင်စေသော ဘာသာရပ်ဖြစ်သဖြင့် လူအများနှင့်ဆက်ဆံထိတွေ့ကြရသောအခြေအနေမျိုးတွင် အသုံးဝင်ပေသည်။ အဘိဓမ္မာသဘောအရ မိမိကိုယ်ကို သုံးသပ်ရှုမြင်တတ်အောင်လည်း ခေတ်သစ်စိတ်ပညာက ဖော်ပြသင်ကြားခဲ့သဖြင့် သူတစ်ပါး၏အပြုအမူကို သိရှိရသကဲ့သို့ မိမိ၏အပြုအမူကိုလည်း စိစစ်သုံးသပ်ဝေဖန်တတ်ရန် အထောက်အကူရပါသည်။ ကိုယ်ရည်ကိုယ်သွေးစစ်ဆေးခွဲခြားခြင်း၊ ဉာဏ်ရည်စစ်ဆေးအကဲဖြတ်ခြင်းများကို တတ်ခဲ့သဖြင့် ဗိုလ်လောင်းရွေးချယ်သောလုပ်ငန်းတာဝန်မျိုးတွင် အထောက်အကူရရှိပေသည်။

ကုန်သည်၊ ပွဲစား၊ အဆိုတော်၊ ကထိက၊ အင်ဂျင်နီယာ၊ ရုပ်ရှင်ဒါရိုက်တာ၊ စစ်မှုထမ်းဟောင်း၊ သတင်းစာဆရာ၊ စာရေးဆရာ၊ ထုတ်ဝေသူ၊ စက္ကူစက်ပိုင်ရှင်၊ ဈေးသည် စသဖြင့် ကျောင်းနေဖက်ဟောင်းတွေ ဆုံကြတွေ့ကြ ပြန်လည်စုဝေးကြသည်မှာ ပြန်လည်နုပျိုလန်းဆန်းပြီး ပျော်ရွှင်ကြည်နူးကြပါသည်။

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားကလည်း အဆိုကောင်း။

အမျိုးသားစာပေဆုရ ကဗျာဆရာကျော်စောဟန်ကလည်း အဆိုပိုင်နိုင်ပါ၏။ (ဗိုလ်မှူးကြီးဖေငြိမ်း)

အဆိုတော်အောင်နိုင်လောက် စည်းဝါးဟန်ထားမကျွမ်းကျင်လှသော်လည်း အင်ဂျင်နီယာမှူးကြီး ဦးလှမြင့်ကလည်း အဆိုပညာမဆိုးပါ။

ရုပ်ရှင်ဒါရိုက်တာ ဆရာကြည်စိုးထွန်းလည်း အသံကောင်း၊ အဆိုကောင်း။

ဆရာတက္ကသိုလ်တင်ခကတော့ သီချင်းဂီတ၊ အဆိုမှာဝါသနာပါပုံမရ၊ ဆိုလေ့ဆိုထမရှိခဲ့။

စိတ်ပညာကျောင်းသားဟောင်းအသင်းဥက္ကဋ္ဌကိုစောဝေကတော့ သူ့ကာရာအိုကေနှင့်သေသေချာချာလေ့ကျင့်ထားပုံရ၏။ သူက စည်းဝါးအံကျ၊ အဆိုကကောင်း၊ အသံလည်းကောင်းမို့ အလွမ်းသီချင်းတွေဆိုသည့်အခါတွင် နားဆင်သူများမျက်ရည်ဝဲလောက်ပါပေ၏။

သူငယ်ချင်းတွေက ပွဲတောင်းလျှင်ကား မတောက်တခေါက်နှင့် ချယ်ရီလက်ဆောင်ပေးသူရေ၊ ဖိုးလမင်းကိုအောင်သွယ်ခိုင်းမယ်၊ အသီးတစ်ရာအညွှာတစ်ခု၊ ချောကလျာ၊ မုန်းရစ်လေဦး စသောသီချင်းတို့မှ တစ်ပုဒ်တစ်လေတော့ မိမိလည်း ပါဝင်သီဆိုနေကျ။

ဂီတသည် စိတ်ပျော်ရွှင်မှု ဝါသနာမျှသာဖြစ်ပါ၏။

> ❖အလုပ်ခွင်ကို မိမိအားထမင်းကျွေးနေသော ကျေးဇူးရှင်အလုပ်ဟု သဘောထား၍ မြတ်နိုး၊ ချစ်ခင်၊ ယုယ၊ ကြင်နာစွာ ချစ်ခင်သူကား သေချာပေါက် ကြီးပွားထွန်းပေါက်အောင်မြင်ခြင်းသို့ ရောက်လိမ့်မည်။ အလုပ်ခွင်မှာ မိမိဝါသနာကို နှစ်မြှုပ်နိုင်ပါစေ။ အလုပ်ကို အလုပ်ဟု မယူဆတော့ဘဲ ငါ့ဝါသနာအရ ငါရွေးချယ်ခဲ့တာမို့ ပျော်ပျော်ကြီးသာ လုပ်တော့မယ်ဟေ့ဟုဆုံးဖြတ်ပါ။ သီချင်းတကျော်ကျော်နှင့် ပျော်ပျော်ရွှင်ရွှင်သာလုပ်ပါ။ အလုပ်လုပ်နေရတာမဟုတ်တော့။ သီချင်းဆိုနိုင်သော အလုပ်ခွင်ချစ်သူဖြစ်နေပြီ ❖

ငယ်စဉ်ကပင် ကချင်၊ ဆိုချင် လူရာဝင်ချင်သည်။

ဆိုတတ်ကတတ်အောင် သင်ယူမှတ်သားပြီး လေ့ကျင့်ခဲ့သည်။ အထက်တန်းကျောင်းသားဘဝကပင် မောင်မောင်ညွှန့်၊ ကိုမောင်မောင်ကြီး၊ မျိုးမြင့်လေးတို့သီချင်းများကို အသံကုန်တင်၍ အော်ဆိုခဲ့သည်။ မိမိတို့ကျေးရွာလေးနှင့် အထက်တန်းကျောင်းရှိရာ ချောက်မြို့ တမာအိုင့်ရပ်မှာ ငါးမိုင်ကွာဝေးပါသည်။ တောင်ကုန်းတွေ၊ ချောက်တွေကို ဖြတ်သွားရသည်။ လမ်းမှာ ကျောင်းနေဖော်များပျော်စေဖို့ သီချင်းအော်ဆိုလေ့ရှိသူကား စာရေးသူပင်။

ခရီး ၅ မိုင်၊ ကျောင်းသွား ၂ နာရီ၊ ကျောင်းပြန် ၂ နာရီလမ်းလျှောက်ရသည်မှာ ထီးမပါ၊ ချွေးဒီးဒီးစီးကျပါသော်လည်း မိမိဘာသာ ဂီတအနုပညာသံစဉ်ချိုအေး ကိုယ့်ကိုယ်ကိုယ် တေးဆိုအားပေးရင်း မပင်ပန်းမိပါ။

ဂီတကိုမြတ်နိုးသည်မှာ ဝါသနာစရိုက်သာဖြစ်သော်လည်း ထမင်းဝအောင်တတ်မြောက်ကျွမ်းကျင်မည့်အလုပ်အကိုင်တော့မဖြစ်နိုင်ပါ။ ထို့ကြောင့် ငယ်ချစ်ဂီတအချစ်ဦးနှင့် လူလတ်လူကြီးဘဝပိုင်းဝေးခဲ့ရသည်မဟုတ်လား။ ကျောင်းနေဖက်တက္ကသိုလ်တုန်းက သူငယ်ချင်းတွေနဲ့ တစ်လတစ်ကြိမ်ညနေပိုင်း နေစောင်းချိန်တွေမှာ သောကြာနေ့တိုင်း လိုလိုဆုံကြလေသည်။ နှစ်ပေါင်း ၃၀ ကျော်ချေပြီ။

အချို့လည်း ကိုဗစ်ကပ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြပြီ။ အချို့လည်း ကျန်းမာရေးချို့တဲ့နေလေပြီ။ အချို့လည်းမစားနိုင်၊ မသောက်နိုင်၊ မသွားမလာနိုင်သဖြင့် မရောက်လာကြတော့ပေ။

မိမိတို့ စိတ်ပညာကျောင်းသားဟောင်းများ ချစ်ခင်ရင်းနှီးစွာ စုစည်းတွေ့ဆုံပွဲကား ရိုးရှင်းလှပါသည်။ ဥပဒေပညာဖြင့် အသက်မွေးသော ရှေ့နေကလည်း အမှုအကြောင်းမပြော။ ကုန်သည်ကလည်း အရောင်းအဝယ်ကိစ္စမဆို။ နိုင်ငံခြားရေးသံတမန်ကလည်း အပြည်ပြည်ဆိုင်ရာမဟ။ စစ်ဗိုလ်ဟောင်းကလည်း တိုက်ပွဲအကြောင်း ယူမလာခဲ့။ သတင်းစာဆရာကလည်း အယ်ဒီတာစားပွဲနှင့်ပတ်သက်တာ ပါမလာပေ။ စာရေးဆရာ၊ ကဗျာဆရာတွေကလည်း စာအကြောင်းပေအကြောင်း၊ နိုင်ငံရေးအကြောင်း မဆွေးနွေးကြဘဲ တေးသီချင်းများကိုသာ တစ်လှည့်စီ သီဆိုကျူးရင့်နေကြသည်။ အနုပညာသည် လက်တွေ့ဘဝဖိစီးမှုများ မွန်းကျပ်မှုများကို ထွက်ပေါက်ပေးသည်ထင်၏။

အပြန်အလှန်ကူညီဖေးမကြသဖြင့် စိတ်ခွန်အားတွေရလေသည်။ သူငယ်ချင်းတစ်ယောက်နေမကောင်း၊ သေစေနိုင်သောရောဂါမျိုး။ မိမိတို့ရင်းနှီးရာစုပေါင်းကာ လေး၊ ငါး၊ ခြောက်ဦး သူ့အိမ်သို့သွားရောက်အားပေးစကားပြောခဲ့ကြသည်။ ဆေးရုံတင်ရသည်။ ခွဲစိတ်ရသည်။ ကံကောင်းစွာ ပြန်ကောင်းလာခဲ့သည်။

သူ့ဇနီးကတော့ မိမိတို့ကျောင်းနေဖက်သူငယ်ချင်း မိတ်ဟောင်းဆွေဟောင်းတွေကို ရှင်တို့ကျေးဇူးကြောင့် ကျွန်မယောကျ်ား ပြန်ရှင်လာတာပါတဲ့။ ဆေးလည်းအကုမခံချင်တော့ဘူးဟု စိတ်ဓာတ်လုံးလုံးကျနေခဲ့ရာမှ သူငယ်ချင်းတွေစုပြုံပြီး ရယ်စရာတွေ တဟားဟားပြောဆိုအားပေးလိုက်မှ သူ့စိတ်က ပြန်လည်နိုးကြားလာခဲ့၏။ စိတ်အနေအထားကို ပြောင်းသွားအောင် ကူညီလုပ်ဆောင်ခဲ့သည်မှာ စိတ်ပညာနားလည်လို့ဆိုနိုင်သော်လည်း မိမိတို့၏ ချစ်ခင်လေးစားသူအပေါ် တန်ဖိုးထားကြင်နာခြင်းကို တွေ့မြင်ပြီး အားတက်သွားသည်ဆိုရမည်။ မေတ္တာဓာတ်က စွမ်းအားရှိပေသည်။ အချင်းချင်း စည်းလုံးချစ်ခင်ကြင်နာအားပေးခြင်း အပြန်အလှန်ခွန်အားသည်ပင် Synergy ဆင်နာဂျီဟု အင်္ဂလိပ်လိုခေါ်ပေသည်။ စာရေးဆရာ စတီဗင်ရစ်ချက်ကိုဗီးက အောင်မြင်ကြသောပုဂ္ဂိုလ်များ၏ အလေ့အထ ခုနစ်ချက်မှာ အသင်းအဖွဲ့များ၏ စုပေါင်းအားသည် ကြီးမားထိရောက်စွာ လူ့အဖွဲ့အစည်းကို အထောက်အကူပြုပုံရေးထားပါ၏။

လူသည် အသက်မွေးဝမ်းကျောင်းရသောအလုပ်နှင့် အမြဲတစေအံကျချင်မှကျလေသည်။ လူသားကလည်း ကိန်းသေသဘောမရှိ။ အမြဲတစေ ပြောင်းလဲနေသောကိန်းရှင်။ (၁၂၂၃၄ မဟုတ် ကခဂဃ ဖြစ်၏။ အက္ခရာသင်္ချာသဘောစဉ်းစားကြည့်လျှင် မြင်ရမည်။) အလားတူပင် အလုပ်ခွင်သည်လည်း အခြေအနေအမျိုးမျိုးနှင့်အတက်အကျ၊ အပူအအေး၊ အကွေ့အကောက်ပြောင်းလဲတတ်လေသည်ပဲမဟုတ်လား။

စတင်ရွေးချယ်ကတည်းက ဝါသနာနှင့်အလုပ် လွဲချော်ခြင်းလည်းရှိတတ်သည်။ မိမိကိုယ်ကို အလုပ်ခွင်မှာပျော်အောင် ပြောင်းလဲရန်သာ။

မိမိက အလုပ်နှင့်အံမကျလျှင် ဌာနပြောင်း၊ ဌာနန္တရပြောင်း၊ ပြောင်းလဲလိုက်ပါ။ သို့ရာတွင် တစ်ခါကနှစ်ခါတော့ ပြောင်းလို့ချည်းမနေနှင့်။ ဘယ်အရာမှ ဟုတ်တိပတ်တိမကျွမ်းကျင်သဖြင့် အရာမရောက်ဘဲရှိတတ်ပါသည်။

အလုပ်အကိုင်နှင့်အံကျအောင် ဝါသနာပါပါ။ ဝါသနာက လေ့ကျင့်မွေးမြူ၍ရပါသည်။ ခေါင်းမမာပါနှင့်။ အလုပ်ထဲတွင် စိတ်နှစ်မြှုပ်၍မလုပ်နိုင်လျှင် မုချကျရှုံးရပေမည်။ ဒုက္ခတွေ့ရမည်။

အလုပ်ခွင်ကို မိမိအားထမင်းကျွေးနေသော ကျေးဇူးရှင်အလုပ်ဟုသဘောထား၍ မြတ်နိုး၊ ချစ်ခင်၊ ယုယ၊ ကြင်နာစွာချစ်ခင်သူကား သေချာပေါက် ကြီးပွားထွန်းပေါက်အောင်မြင်ခြင်းသို့ရောက်လိမ့်မည်။

အလုပ်ခွင်မှာ မိမိဝါသနာကို နှစ်မြှုပ်နိုင်ပါစေ။ အလုပ်ကိုအလုပ်ဟုမယူဆတော့ဘဲ ငါ့ဝါသနာအရ ငါရွေးချယ်ခဲ့တာမို့ ပျော်ပျော်ကြီးသာလုပ်တော့မယ်ဟေ့ဟုဆုံးဖြတ်ပါ။ သီချင်းတကျော်ကျော်နှင့်ပျော်ပျော်ရွှင်ရွှင်သာလုပ်ပါ။ အလုပ်လုပ်နေရတာမဟုတ်တော့။

သီချင်းဆိုနိုင်သော အလုပ်ခွင်ချစ်သူဖြစ်နေပြီ။

ဝန်ထမ်းလုပ်ငန်းခွင်များမှာ အဆင်မပြေကြသော အဖုအထစ်တွေ နေရာတကာတွင်ရှိနေကြသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၇၃၂၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ယင်းမာပင် နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၇၃၂၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ကေ ၂၉၀၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၃၂၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဖူးစားပြောင်း ၂၉၀၉၃ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၇၃၂၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကနီမြို့နယ်တွင် ၂၄၂၅ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၁၃၈၈ ကေနှင့် ပုလဲမြို့နယ်တွင် ၃၅၁၂ ကေ စုစုပေါင်း ၇၃၂၅ ကေဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး၊ ချင်း၊ ငရုတ်ပိုးသတ်ဆေး အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာများပေးခဲ့ကြောင်း၊ ဖူးစားပြောင်းစိုက်ပျိုးရာတွင် တစ်ကေလျှင် ပြောင်းဖူးအဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

လုပ်ငန်းခွင်ပျော်ရွှင်ရေးသည် လူ့ဘဝမှာ အရေးအကြီးဆုံးဖြစ်ကြောင်း ကောက်စိုက်ရင်း သီချင်းသံပြိုင်အော်ဆိုနေကြသော ကောက်စိုက်သမတွေကို ကြည့်လိုက်ပါ။ နတ်သမီးဘဝနှင့်မလဲပါ။ ပျော်နေကြ၏။ မိုးရွာရွာ၊ နေပူပူ၊ ဗိုက်ဆာတာ သတိမထားမိ။

လခစားဝန်ထမ်းမှာ အလုပ်ကိုပျော်ပျော်ရွှင်ရွှင်စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်လုပ်ကြပါ။ အလုပ်ခွင်သာယာပါစေ။

လုပ်ငန်းခွင်မအောင်မြင်ခြင်း၏ အဓိကအားနည်းချက်အကြောင်းရင်းများမှာ–

- လေ့လာမှုအားနည်းကြခြင်း
- ထပ်တိုးပညာကို မလေ့လာတော့ခြင်း
- သုတေသနမလုပ်ခြင်း
- ပူးပေါင်းဆောင်ရွက်မှု၊ လေးစားမှုအားနည်းခြင်း
- ငါသိပြီးပြီ၊ ငါတတ်ပြီ ဘဝင်လေဟပ်နေတတ်ခြင်း

အလုပ်ခွင်ကိုပျော်ရွှင်အောင် မိမိတို့အားလုံး တက်ညီလက်ညီ ပူးပေါင်းချစ်ခင်(Reciprocal Respect)ဆက်စပ်လက်တွဲဆောင်ရွက်ကြလျှင် ၁၀+၁၀=၂၀ ဟူသောပြောင်းလဲခြင်းထက် ၁၀ × ၁၀=၁၀၀ ဟူသော ဆယ်ဆတိုးတက်အောင်မြင်မည်ကို မြင်တတ်ပါစေ။

**၁။ လုပ်ခွင်၊ မြင်ပ၊ စာပေများ ပိုဖတ်ကြမည်။**
**စာဖတ်ခြင်းဖြင့် ကြီးမြင့်သောနိုင်ငံကိုဖြစ်စေသည်။**

**၂။ ၂၁ ရာစု တိုးတက်နေခြင်းများကို လေ့လာနေမည်။**
**မလေ့လာလျှင် မသိတော့ဘဲ နုံနုံအအ ဖြစ်ခဲ့မည်။**

**၃။ သုတေသနများ စနစ်တကျလုပ်ကြရမည်။**
**အထင်အမြင်၊ မှန်းဆချက်အလွဲများရှောင်ရှား၍ ဓမ္မဓိဋ္ဌာန် ပကတိအချက်အလက်မှန်မှာ အခြေခံပါ။**

**၄။ လုပ်ငန်းခွင်အတွင်း အထက်အောက်၊ ဘေးနံထိတွေ့ဆက်ဆံရာတွင် (ဒင်္ဂါးပြား၏အဆိုးဘက်ကိုမကြည့်ဘဲ အကောင်းဘက်) သူ၏အားသာချက်များနှင့် ပူးပေါင်းလုပ်ဆောင်မှ ပိုမိုအောင်မြင်ပါမည်။**

**၅။ မာန်မာနမထားပါနှင့်။ ဘဝဆိုတာ တိုတိုလေးမို့ ဘယ်သူမှ၊ ဘယ်အရာမှ မမြဲချေ။ ရေစက်ဆုံ၍ တွေ့ကြုံဆုံစည်းကြရစဉ်လေး၌ ပြုံးပြုံးရွှင်ရွှင်ကြည်ကြည်လင်လင် ချစ်ခင်မေတ္တာ ပူးပေါင်းဆောင်ရွက်ပါက အဆရာထောင် အောင်မြင်ကြပါလိမ့်မည်။**

## မေတ္တာတရား ကိုယ်စီပွား

– မေတ္တာကို လက်ကိုင်ထား
ကိုယ်စီပွား မင်းသူငါ၊
မနာလို အမုန်းကင်း
သန့်ရှင်းစိတ်မှာ၊
ရိုးသားမှု အတူယှဉ်ကာ
ဖြူစင်ပါ စိတ်နှလုံး၊
မုဒိတာ ရင်မှာလွှမ်း၍
ဝမ်းမြောက်ရွှင်ပြုံး။

– မေတ္တာသည် အမြတ်ဆုံး
သူတော်ထုံး ဥစ္စာကွယ်၊
လူတိုင်းအပေါ် စာနာလျက်
ရှေ့ဆက်ကြမယ်၊
ဖြူစင်ခြင်း စေတနာရယ်
ရင်တွင်းဝယ် စိုက်ထူသွား၊
ပရအကျိုးကို ရည်မျှော်ကိုး
သယ်ပိုးလှုပ်ရှား။

– ချစ်မေတ္တာ နှလုံးသားနဲ့
အပြုံးများ ပေးဖြန့်ဝေ၊
ကြီးငယ်မဟူ နိမ့်မြင့်လတ်
ဆည်းကပ်ကာလေ၊
တန်ဖိုးရှိ ဘဝအခြေ
အလှတွေ ဖော်ဆောင်ရင်း၊
လူ့ဝန်းကျင် ဘေးမသန်းလို့
အေးချမ်းစေမင်း။ ။

လမင်းခန့်(ပညာရေး)

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို ပါပူဝါဒေသသို့ သွားရောက်

**ဂျကာတာ နိုဝင်ဘာ ၃**

ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေးအစီအစဉ်တစ်ရပ် အကောင်အထည်ဖော်နေမှုကို စစ်ဆေးရေးအတွက် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည် ပါပူဝါဒေသသို့ ယနေ့တွင် သွားရောက်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည် ပါပူဝါဒေသရှိ စိုက်ပျိုးမြေဖော်ထုတ်ရေးစီမံကိန်းတစ်ခုကို သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုးမြေဟက်တာသုံးသန်း(ဧက ၇ ဒသမ ၄ သန်း) ဖော်ထုတ်ရန် ရည်ရွယ်ထားသည်။

အဆိုပါ ရည်ရွယ်ချက်အရ အင်ဒိုနီးရှားနိုင်ငံသည် ပါပူဝါဒေသ၌ စိုက်ပျိုးမြေဟက်တာတစ်သန်း ထိဖော်ထုတ်မည်ဖြစ်သည်။

ယနေ့ ပါပူဝါဒေသခရီးစဉ်သည်သမ္မတပရာဘိုဝိုဆူဘီယန်တိုအတွက် သမ္မတရာထူးရယူပြီးနောက်ပိုင်း ပထမဆုံးပါပူဝါဒေသခရီးစဉ်ဖြစ်သည်။

အင်ဒိုနီးရှား အစိုးရသည် ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမြေများဖော်ထုတ်ရေးအစီအစဉ်ကို သမ္မတဟောင်း ဂျိုကိုဝီဒိုဒိုလက်ထက်တွင် စတင်ရေးဆွဲခဲ့သောအစီအစဉ်ဖြစ်သည်။

အင်ဒိုနီးရှား အစိုးရသည် စိုက်ပျိုးမြေသစ်များဖော်ထုတ်မှုကို ဆူမတြားကျွန်းနှင့် တောင်ပါပူဝါပြည်နယ်တို့တွင်လည်း အကောင်အထည် ဖော်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# အစ္စရေး၏တိုက်ခိုက်မှုများကို လက်တုံ့ပြန်မည်ဟု အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ သတိပေး

**တီဟီရန် နိုဝင်ဘာ ၃**

အစ္စရေး၏တိုက်ခိုက်မှုများကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင် အယာတိုလာခါမေနီက နိုဝင်ဘာ ၂ ရက်တွင် သတိပေးလိုက်သည်။

အစ္စရေးနှင့် အီရန်တို့ကြား အပြန်အလှန် လက်စားချေတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ၏ သတိပေးချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်ကိုတိုက်ခိုက်မှု၊ အီရန်၏မဟာမိတ်များကို တိုက်ခိုက်မှုနှစ်မျိုးစလုံးအတွက် အစ္စရေးကိုလက်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင် အယာတိုလာခါမေနီက ပြောကြားခဲ့သည်။

ဟစ်ဇ်ဘိုလာ အုပ်စုအားလေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်နေမှုကို လက်တုံ့ပြန်သည့်အနေဖြင့်အီရန်နိုင်ငံသည် အစ္စရေးနိုင်ငံကို အောက်တိုဘာ ၁ ရက်တွင် ဒုံးကျည်အစင်း ၂၀၀ နီးပါးဖြင့် တိုက်ခိုက်ခဲ့သည်။

အီရန်၏ အဆိုပါတိုက်ခိုက်မှုကိုတုံ့ပြန်သည့်အနေဖြင့် အစ္စရေးလေတပ်က အီရန်ပစ်မှတ်များကို အောက်တိုဘာ ၂၆ ရက်တွင် တိုက်ခိုက်ခဲ့သည်။

ထို့ကြောင့် အစ္စရေး၏ အောက်တိုဘာ၂၆ရက်လေကြောင်းတိုက်ခိုက်မှုများကို လက်တုံ့ပြန်မည်ဟု အီရန်တပ်မတော်က ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ကျင်းပမည့် နိုင်ငံတကာပို့ကုန်ပြပွဲ ဖွင့်ပွဲ၌ တရုတ်ဝန်ကြီးချုပ်လီချန်း မိန့်ခွန်းပြောကြားမည်




**ပေကျင်း နိုဝင်ဘာ ၃**

ယခု ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ကျင်းပမည့် နိုင်ငံတကာပို့ကုန်ပြပွဲ ဖွင့်ပွဲ၌ တရုတ်ဝန်ကြီးချုပ်လီချန်း အဖွင့်အမှာစကား ပြောကြားမည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ခုနစ်ကြိမ်မြောက် တရုတ်နိုင်ငံတကာပို့ကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ မလေးရှား၊ ဥဇဘက်ကစ္စတန်၊ ကာဇက်စတန်၊ မွန်ဂိုလီးယားနှင့် ဆားဘီးယားခေါင်းဆောင်များတက်ရောက်ကြဖွယ်ရှိသည်။

တရုတ်နိုင်ငံတကာပို့ကုန်ပြပွဲကို ရှန်ဟိုင်းမြို့၌ နိုဝင်ဘာ ၅ ရက်မှ ၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အဆိုပါ နိုင်ငံတကာပို့ကုန်ပြပွဲကို ၂၀၁၈ ခုနှစ်ကပင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုနှစ် တရုတ်နိုင်ငံတကာပို့ကုန်ပြပွဲသည် တရုတ်အစိုးရ၏ တရုတ်ဈေးကွက် ဖွင့်လှစ်ရေးအစီအမံများ၊ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ပြသနိုင်မည့် အခွင့်အလမ်း ကောင်းတစ်ရပ်ဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံအဖြစ် ရပ်တည်နေသည့် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာကုန်သွယ်မှုနယ်ပယ်၌ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ ကိုရီးယားကျွန်းဆွယ်အနီး ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်

**ဆိုးလ် နိုဝင်ဘာ ၃**

တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့သည် ယနေ့တွင် ကိုရီးယားကျွန်းဆွယ်အနီး ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြသည်။

အဆိုပါသုံးနိုင်ငံ ပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်လေတပ်မှ ဘီ-၁ ဘီ အမျိုးအစား မဟာဗျူဟာဗုံးကြဲလေယာဉ်တစ်စင်းလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား၏ တိုက်ချင်း ပစ်ဒုံးကျည်စမ်းသပ်မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က သုံးနိုင်ငံပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် အောက်တိုဘာ ၃၁ ရက်တွင် ဝါဆောင် -၁၉ အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။

ဝါဆောင်-၁၉ ဒုံးကျည်သည် ကမ္ဘာပေါ်၌ စွမ်းဆောင်ရည်အမြင့်မားဆုံး တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားဖြစ်ကြောင်း မြောက်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယား၏တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများကို တစ်ခါတစ်ရံ မဟာဗျူဟာဗုံးကြဲလေယာဉ်များ၊ လေယာဉ်တင်သင်္ဘောများ၊ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ စေလွှတ်ခြင်းဖြင့် တုံ့ပြန်တတ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# လက်ဘနွန်မှပစ်လွှတ်သည့်ဒုံးကျည်ကြောင့် အစ္စရေးနိုင်ငံအလယ်ပိုင်း၌ ၁၁ ဦး ဒဏ်ရာရရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၃**

လက်ဘနွန် နိုင်ငံဘက်မှ ပစ်လွှတ်ခဲ့သော ဒုံးကျည်များ နိုဝင်ဘာ ၁ ရက်က အစ္စရေးအလယ်ပိုင်းဒေသ၌ ကျရောက်ခဲ့ရာ လူပေါင်း ၁၁ ဦးဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။



နိုဝင်ဘာ ၂ ရက်တွင် လက်ဘနွန်နိုင်ငံဘက်မှ ပစ်လွှတ်ခဲ့သောဒုံးကျည်များအနက် တစ်စင်းမှာ တီရာအမည်ရှိ အစ္စရေးအလယ်ပိုင်းမြို့တစ်မြို့မှ လူနေအိမ်တစ်လုံးကို ထိမှန်ခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစ္စရေးနှင့်လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့သည် ယခုနှစ် စက်တင်ဘာလမှစ၍ တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန်တိုက်ခိုက်ခဲ့ကြပြီး လက်ရှိအချိန်ထိ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူနိုင်မည့် လက္ခဏာမျိုးမတွေ့ရသေးကြောင်း သိရသည်။

နိုဝင်ဘာ ၂ ရက်တွင် တဲလ်အဗစ်မြို့အနီးရှိ အစ္စရေးစစ်အခြေစိုက်စခန်းတစ်ခုကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာ အုပ်စုကလည်း အတည်ပြုထားသည်။

အစ္စရေး တာဝန်ရှိသူများ၏ အဆိုအရ ဟစ်ဇ်ဘိုလာအုပ်စု၏ တိုက်ခိုက်မှုကြောင့် လက်ရှိအချိန်ထိအစ္စရေးနယ်မြေများ၌ လူပေါင်း ၇၁ ဦးထိသေဆုံးခဲ့ရသည်။

ဂါဇာကမ်းမြောင်စစ်ပွဲ စတင်ခဲ့သော ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဟစ်ဇ်ဘိုလာအုပ်စုသည် အစ္စရေးနယ်မြေများအား စတင်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## တီယန်ကောင်း အာကာသစခန်းမှ ရှန်ကျိုး-၁၈ အာကာသယာဉ်မှူးများက ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် ပြင်ဆင်မှုများအပြီးသတ်လုပ်ဆောင်ထားပြီးဖြစ်



**ပေကျင်း နိုဝင်ဘာ ၃**

တရုတ်နိုင်ငံ၏ တီယန်ကောင်း အာကာသစခန်းမှ ရှန်ကျိုး-၁၈ အာကာသ ယာဉ်မှူးများသည် ကမ္ဘာမြေ အပြန်ခရီးစဉ်အတွက် ပြင်ဆင်မှုများ အပြီးသတ်လုပ်ဆောင်ထားပြီးဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

တရုတ် အာကာသယာဉ်မှူး သုံးဦး ပြန်လည်လိုက်ပါလာမည့် ရှန်ကျိုး-၁၈ အာကာသလူသယ် ယာဉ်သည် နိုဝင်ဘာ ၄ ရက်တွင် အတွင်းမွန်ဂိုလီးယားဒေသ တုန်မင်း အာကာသယာဉ်ဆင်းသက် နယ်မြေ၌ ဆင်းသက်မည်ဖြစ်သည်။

ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်လာမည့် ရှန်ကျိုး-၁၈ အာကာသယာဉ်မှူးများကို ကြိုဆိုရေး အတွက် မြေပြင်တွင်လည်း အစမ်း လေ့ကျင့်မှုများ လုပ်ဆောင်ထားပြီး ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားသည်။

ရှန်ကျိုး-၁၈ အာကာသယာဉ်မှူးများသည် အောက်တိုဘာ ၃၀ ရက်တွင် ရောက်ရှိလာသည့် ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး သုံးဦးထံ တီယန်ကောင်း အာကာသစခန်း လုပ်ငန်းတာဝန်များ လွှဲပေးခဲ့ပြီးနောက် ကမ္ဘာမြေသို့ ပြန်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ရှန်ကျိုး-၁၈ အာကာသယာဉ်မှူး သုံးဦးသည် တီယန်ကောင်း အာကာသစခန်းပေါ်၌ ခြောက်လ ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် နိုဝင်ဘာ ၈ ရက် တွင် တီယန်ကျိုးအာကာသကုန် တင်ယာဉ်ကို တီယန်ကောင်း အာကာသစခန်းသို့ လွှတ်တင်ရန် စီစဉ် ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## 2024 PT 5 ဂြိုဟ်သိမ်ငယ်က လာမည့်ရက်အနည်းငယ်အတွင်း ကမ္ဘာ၏ဒြပ်ဆွဲအားအောက်မှ ပြန်လည်လွင့်ထွက်တော့မည်

**ဝါရှင်တန် နိုဝင်ဘာ ၃**

ယခုနှစ် စက်တင်ဘာလကုန် ပိုင်းတွင် ကမ္ဘာဂြိုဟ်၏ဒြပ်ဆွဲအား အောက်သို့ ရောက်ခဲ့ရသည့် 2024 PT 5 အမည်ရှိ ဂြိုဟ်သိမ်ငယ်သည် လာမည့်ရက် အနည်းငယ်အတွင်း ကမ္ဘာ၏ ဒြပ်ဆွဲအားအောက်မှ ပြန်လည် လွင့်ထွက်တော့မည် ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် 2024 PT 5 ဂြိုဟ်သိမ်သည် ကမ္ဘာ၏ ယာယီ ဂြိုဟ်ရံလအသေးစားတစ်ခုအဖြစ် ဆက်ရှိနေဆဲဖြစ်သည်။

သို့ရာတွင် လာမည့်ရက်ပိုင်း အတွင်း 2024 PT 5 ဂြိုဟ်သိမ်ငယ် မှာ ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအား အောက်မှ လွင့်ထွက်၍ အာကာသဟင်းလင်းပြင်အတွင်း ဆက် လက်ပျံသန်းလိမ့်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။



2024 PT 5 ဂြိုဟ်သိမ်သည် ယခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ကမ္ဘာဂြိုဟ် ဒြပ်ဆွဲအားအောက် သို့ စတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အရွယ်အစားအားဖြင့် ကိုယ် ထည်အချင်း ၃၄ ပေသာ ရှိသည့် 2024 PT 5 ဂြိုဟ်သိမ်ကို အမေရိကန်အစိုးရအမျိုးသားလေကြောင်း နှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂြိုဟ်သိမ်စောင့် ကြည့်ရေးစနစ် တစ်ခုက ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အချင်း ၂၁၅၉ မိုင် ရှိသည့် ကမ္ဘာ့ဂြိုဟ်ရံလနှင့် နှိုင်းယှဉ်ပါက 2024 PT 5 မှာ အဆပေါင်း ၃၀၀၀၀၀ ကျော် ပိုသေးငယ် ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Crew Dragon အာကာသလူသယ်ယာဉ်ကို Crew-9 မစ်ရှင် အာကာသယာဉ်မှူးများက ဆိုက်ကပ်နေရာရွှေ့ပြောင်းမှုပြုလုပ်ရန် စီစဉ်ထား

**ဝါရှင်တန် နိုဝင်ဘာ ၃**

နိုင်ငံတကာ အာကာသစခန်း (ISS) ၌ ဆိုက်ကပ်ထားသော Crew Dragon အာကာသလူသယ် ယာဉ်ကို Crew-9 မစ်ရှင် အာကာသ ယာဉ်မှူးများက ဆိုက်ကပ်နေရာ ရွှေ့ပြောင်းမှု ယနေ့တွင်ပြုလုပ် ရန် စီစဉ်ထားကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Crew Dragon အာကာသ လူ သယ်ယာဉ်ကို နေရာရွှေ့ရာတွင် Space-X ကုမ္ပဏီ၏ Crew-9 မစ်ရှင်ယာဉ်မှူး နှစ်ဦးနှင့်အတူ စတားလိုင်နာမစ်ရှင်မှ အာကာသ ယာဉ်မှူး နှစ်ဦးလည်း ပါဝင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်သည် Crew-9 ယာဉ်မှူးနှစ်ဦးနှင့် စတားလိုင်နာ အာကာသယာဉ်မှူးနှစ်ဦးကို ကမ္ဘာ ပေါ်သို့ ပြန်လည်ခေါ်ဆောင်ပေး မည်ဖြစ်သည်။

လာမည့်ရက်ပိုင်းအတွင်း နိုင်ငံ တကာအာကာသစခန်းသို့ ရောက် ရှိလာမည့် ဒရာဂွန်အာကာကုန် တင်ယာဉ် ဆိုက်ကပ်ရေးအတွက် Crew Dragon အာကာသ လူသယ် ယာဉ်ကို ဆိုက်ကပ်နေရာရွှေ့ပြောင်း ရန် စီစဉ်ထားခြင်းဖြစ်သည်။

Space-X ကုမ္ပဏီနှင့် အမေ ရိကန်အစိုးရ အမျိုးသားလေ ကြောင်းနှင့် အာကာသစီမံခန့်ခွဲ ရေးအေဂျင်စီ(နာဆာ)သည် နိုဝင် ဘာ ၄ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ ဒရာဂွန် အာကာသကုန်တင်ယာဉ် လွှတ်တင် ရန် စီစဉ်ထားသည်။

Crew-9 ယာဉ်မှူး နှစ်ဦးနှင့် စတားလိုင်နာ ယာဉ်မှူးနှစ်ဦးတို့ သည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ တွင် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်း သက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ကင်ဆာတွေ့ရှိသော ဆေးလိပ်သောက်သူများ ဆေးလိပ်ဖြတ်ပါက ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ ကျဆင်းလာနိုင်

**နယူးယောက် နိုဝင်ဘာ ၃**

ကင်ဆာရောဂါစစ်ဆေးတွေ့ ရှိသော ဆေးလိပ်သောက်သုံးသူ များအနေဖြင့် ဆေးလိပ်ဖြတ် ပါက ရောဂါကြောင့် အသက်ဆုံးပါး နိုင်ခြေ ကျဆင်းလာနိုင်ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ တက္ကဆက် တက္ကသိုလ်မှ သုတေသနပညာရှင် များ၏ လေ့လာတွေ့ရှိချက်အရ ကင်ဆာရောဂါစစ်ဆေးတွေ့ရှိပြီး နောက် ဆေးလိပ်ဖြတ်လိုက်သူ လူနာများ၌ ရောဂါကြောင့် အသက် ဆုံးပါးနိုင်ခြေမှာ ၂၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းထိ ကျဆင်းသွား တတ်ကြောင်း သိရသည်။

အထူးသဖြင့် ကင်ဆာရောဂါ စစ်ဆေးတွေ့ရှိပြီး ခြောက်လ အတွင်း ဆေးလိပ်ဖြတ်ခဲ့မည်ဆို လျှင် အထက်ပါအကျိုးကျေးဇူးကို အကောင်းဆုံး ရရှိနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင် များက ပြောကြားသည်။

အမေရိကန် သုတေသနပညာ ရှင်များသည် ကင်ဆာရောဂါ စစ်ဆေးတွေ့ရှိခဲ့ရပြီး ဆေးလိပ် ဖြတ်ရေးအစီအစဉ်များတွင် ပါဝင် နေသူ ဆေးလိပ်သမား ၄၅၀၀ ကျော်တို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာ သည့်ရလဒ်များအရ ဆေးလိပ်ကို အောင်မြင်စွာ ဖြတ်နိုင်ခဲ့သော လူနာများ၏ ပျမ်းမျှအသက်ရှင်နိုင် သည့်ကာလမှာ လေးနှစ်ထိရှိလာ သည်ကိုတွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## အနံ့ခံအာရုံပျောက်ဆုံးမှုက ရောဂါ ၁၃၉ မျိုး၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်

**နယူးယောက် နိုဝင်ဘာ ၃**

အနံ့ခံအာရုံပျောက်ဆုံးမှုသည် အနည်းဆုံးရောဂါ ၁၃၉ မျိုး၏ ရှေ့ပြေးလက္ခဏာတစ်ရပ် ဖြစ်နိုင် ကြောင်း သုတေသနပညာရှင် များက နိုဝင်ဘာ ၂ ရက်တွင် ပြောကြားသည်။

အနံ့ခံအာရုံပျောက်ဆုံးမှုသည် ကိုယ်ခန္ဓာအတွင်း တစ်စုံတစ်ရာ ဖောက်ပြန်နေမှုကို အချက်ပြသည့် ပထမဆုံးစနစ်တစ်ခု ဖြစ်နိုင်ခြေ ရှိကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာ ရှင်များ၏ လေ့လာတွေ့ရှိချက် အရ အနံ့ခံအာရုံပျောက်ဆုံးမှုသည် အယ်ဇိုင်းမား၊ ပါကင်ဆန်၊ နှလုံး သွေးကြောဆိုင်ရာရောဂါများ အပါ အဝင် ရောဂါ ၁၃၉ မျိုး၏ ရှေ့ပြေး လက္ခဏာဖြစ်နိုင်ကြောင်းသိရသည်။

ထို့ပြင် အနံ့ခံအာရုံပျောက်ဆုံး မှုနှင့်ပတ်သက်နေသည့် ရောဂါ အားလုံးတို့တွင် ရောင်ရမ်းမှု ပြဿနာသည်လည်း တစ်နည်း မဟုတ် တစ်နည်းဖြင့် ပါဝင်နေ တတ်ကြောင်း အမေရိကန်သုတေ သနပညာရှင်များက ဖော်ထုတ် တွေ့ရှိထားသည်။

သို့ဖြစ်ရာ အနံ့ခံအာရုံပျောက် ဆုံးမှုပြဿနာကို ဖြေရှင်းခြင်းဖြင့် ကျန်းမာရေးပြဿနာအမျိုးမျိုးကို ကုသရာတွင် အထောက်အကူပြု နိုင်ကြောင်း သိရသည်။

ထို့ပြင် ဦးနှောက်နှင့် ကိုယ် ခန္ဓာ ရောင်ရမ်းမှုများကို လျှော့ချ ခြင်းဖြင့်လည်း အထက်ပါရောဂါ များကို ကုသရာတွင် အထောက် အကူရနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ToTo Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို တာကီဒါဆွတ်ခူး

**အော့ဆူ နိုဝင်ဘာ ၃**

ဂျပန်နိုင်ငံ အော့ဆူမြို့တွင် ကျင်းပနေသည့် ToTo Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျပန်ဂေါက်သီးရိုက်မယ် တာကီဒါက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တာကီဒါသည် နောက်ဆုံးနေ့တွင် အမေရိကန်ဂေါက်သီးရိုက်မယ် မက်ဂွဲယားအဲလက်စ်နှင့် အတူ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား ထိပ်တွင် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ချန်ပီယံဆုအဆုံးအဖြတ်အတွက် Play-off ကစားခဲ့ရာတွင် တာကီဒါက အနိုင်ရခဲ့ခြင်းဖြစ်သည်။

ToTo Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲကို စုစုပေါင်း ၇၂ ကျင်းလေးရက် ယှဉ်ပြိုင်သွားရမည်ဖြစ်သော်လည်း မိုးလေဝသအခြေအနေကြောင့် ၅၄ ကျင်း သုံးရက်သာ ယှဉ်ပြိုင်သွားစေရန် ပြိုင်ပွဲကျင်းပသည့် ကော်မတီက ဆုံးဖြတ်ခဲ့သည့်အတွက် ၅၄ ကျင်းနှင့်သာ ပြိုင်ပွဲပြီးဆုံးခဲ့ရသည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ရှူဟဲရန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ပြိုင်ပွဲအား မူလက သတ်မှတ်ထားသည့်အတိုင်း ကျင်းပနိုင်မည်ဆိုပါက ပြိုင်ပွဲရလဒ်ပိုင်း အပြောင်းအလဲရှိနိုင်သလို နောက်ဆုံးနေ့သည်လည်း အကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်လာနိုင်သော်လည်း မိုးလေဝသအခြေအနေကြောင့် ပြိုင်ပွဲအားတစ်ရက်လျော့ခဲ့ရပြီး ပြိုင်ပွဲဝင်များအတွက်လည်း Game Plan များအား ရုတ်တရက်ပြောင်းလဲခဲ့ရသည်။

တာကီဒါသည် ယခုနှစ် LPGA Japan Tour ၏ ပြိုင်ပွဲများတွင် ရှစ်ကြိမ်မြောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**




# အဲဗာတန်ကို နိုင်ပွဲရခဲ့သည့် ဆောက်သမ်တန်အသင်း ပရီးမီးယားလိဂ်တွင် ပထမဆုံးနိုင်ပွဲရရှိ



**လန်ဒန် နိုဝင်ဘာ ၃**

ပရီးမီးယားလိဂ် ပွဲစဉ်(၁၀)အဖြစ်ကစားခဲ့သည့် ဆောက်သမ်တန်အသင်းနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်တွင် အိမ်ရှင် ဆောက်သမ်တန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုံး နိုင်ပွဲရရှိခဲ့သည်။

ဆောက်သမ်တန် အသင်းသည် အဲဗာတန်အသင်းနှင့် ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း အဲဗာတန်အသင်းက တန်ပြန်တိုက်စစ်မှ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်ခဲ့ပြီး ပထမပိုင်းတွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်းတွင် ဦးဆောင်ဂိုးများရရှိရေး နှစ်သင်းစလုံး ကစားအားမြှင့်တင်ခဲ့ရာ ပွဲချိန် ၈၅ မိနစ်တွင် တိုက်စစ်မှူး အမ်းစတောင်းက ဆောက်သမ်တန်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သဖြင့် အဲဗာတန်အသင်းက ပြန်လည်ဖိအားပေးခဲ့ရာ ပွဲချိန် ၈၉ မိနစ်တွင် ဘီတိုက ချေပဂိုး သွင်းယူခဲ့သော်လည်း VAR ဖြင့် ပြန်လည်ပယ်ဖျက်ခဲ့သောကြောင့် ဆောက်သမ်တန်အသင်းက နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

ဆောက်သမ်တန် အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းကောင်းသည့် အသင်းများနှင့် ပွဲကျပ်ကစားခဲ့ရသောကြောင့် အမှတ်ပေးပွဲ (၁၀)ပွဲအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှစ်ပွဲရှုံးဖြင့် ရမှတ် လေးမှတ်သာ ရရှိခဲ့သဖြင့် အမှတ်ပေးဇယား အဆင့်(၁၉) နေရာသို့ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်မှလွတ်မြောက်ရန် ရုန်းကန်နေရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ရှုံးပွဲကြုံခဲ့သည့် အဲဗာတန်အသင်းသည်လည်း နောက်ဆုံးငါးပွဲဆက် ရှုံးပွဲမရှိခဲ့သည့် မှတ်တမ်းတစ်ရပ် ရပ်တန့်ခဲ့ရပြီးနောက် အမှတ်ပေးဇယားတွင် ရမှတ်ကိုးမှတ်ရရှိခဲ့ကာ အဆင့်(၁၆)တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**

# Hong Kong Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရှနိုက်ဒါ ဆွတ်ခူး

**ပေကျင်း နိုဝင်ဘာ ၃**

တရုတ်နိုင်ငံ ဟောင်ကောင်တွင်ကျင်းပခဲ့သော Hong Kong Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဗြိတိန်တင်းနစ်မယ် ကေတီဘိုလ်တာနှင့် ရုရှားတင်းနစ်မယ် ရှနိုက်ဒါတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှနိုက်ဒါက (၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကေတီဘိုလ်တာ အနေဖြင့် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိသော်လည်း ယခုနှစ် တင်းနစ်ရာသီအတွင်း ရလဒ်များ ကောင်းမွန်ခဲ့၍ ဗြိတိန်အဆင့်(၁) တင်းနစ်မယ်အဖြစ် ရပ်တည်ခွင့် ရထားသလို ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဆုံး ကမ္ဘာ့အဆင့် (၂၅) အတွင်းသို့ ဝင်ရောက်ခွင့် ရတော့မည်ဖြစ်သည်။

ကေတီဘိုလ်တာသည် ဗိုလ်လုပွဲအဆင့်သို့ ပုံစံကောင်းများဖြင့် တက်ရောက်ခွင့် ရခဲ့သော်လည်း ဗိုလ်လုပွဲအဆင့်တွင် ရှနိုက်ဒါက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိသွားခဲ့ခြင်းဖြစ်သလို ၎င်းတို့ အကြား စွမ်းဆောင်ရည်ပိုင်း ကွာခြားချက်များရှိခဲ့သည်။

ရှနိုက်ဒါက “တကယ်ကို ဝမ်းသာဂုဏ်ယူစရာ ကောင်းတဲ့ အောင်မြင်မှုတစ်ရပ်ပါ။ ဒီလိုမျိုး ရာသီတိုင်း အောင်မြင်မှုတွေ ဆက်တိုက် ဆွတ်ခူးနိုင်ပါစေလို့ ဆုတောင်းပါတယ်။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရဖို့အတွက် ကျွန်တော့်အနေနဲ့ ပြင်ဆင်မှုတွေအများကြီး ပြုလုပ်ခဲ့ရတယ်။ ဒီအောင်မြင်မှုရဖို့အတွက် ပြင်ဆင်မှုတွေပြုလုပ်ခဲ့တာ အရမ်းကိုပင်ပန်းခဲ့တယ်။ ကျွန်မအတွက် ယခုနှစ် တင်းနစ်ရာသီအတွင်း နောက်ဆုံးပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတစ်ရပ်လဲ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# တိုက်စစ်မှူး ဆာလာဟ် ပရီးမီးယားလိဂ်သွင်းဂိုး ၁၆၄ ဂိုးဖြင့် ရော်ဘီဖောင်လာ၏ စံချိန်ကိုကျော်ဖြတ်

**လန်ဒန် နိုဝင်ဘာ ၃**

လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး တိုက်စစ်မှူး ဆာလာဟ်က အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်သွင်းဂိုး ၁၆၄ ဂိုးထိ ရှိလာခဲ့သည်။

တိုက်စစ်မှူး ဆာလာဟ်သည် အဆိုပါပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ကာ ပထမပိုင်းတွင် ဘရိုက်တန်အသင်း၏ဦးဆောင်မှုကို ခံခဲ့ရသော်လည်း ဒုတိယပိုင်းအရောက်တွင် လူစားလဲမှုများပြုလုပ်၍ တိုက်စစ် မြှင့်တင်ခဲ့သောကြောင့် ပွဲချိန် ၆၉ မိနစ်တွင် ဂက်ပို၊ ပွဲချိန် ၇၃ မိနစ်တို့တွင် တိုက်စစ်မှူး ဆာလာဟ်တို့က ချေပဂိုးနှင့် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် နိုင်ပွဲရခဲ့ပြီး ဆာလာဟ်အနေဖြင့် ပရီးမီးယားလိဂ်တွင် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်သည့် ရော်ဘီဖောင်လာ၏ ၁၆၃ ဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။

လက်ရှိ ပရီးမီးယားလိဂ်တွင် ဂိုးသွင်းအများဆုံး ကစားသမားမှာ အလန်ရှီးယားက သွင်းဂိုး ၂၆၀ ဖြင့် အဆင့်(၁)၊ ဟယ်ရီကိန်းက သွင်းဂိုး ၂၁၃ ဂိုးဖြင့် အဆင့်(၂)၊ ရွန်းနီက သွင်းဂိုး ၂၀၈ ဂိုးဖြင့် အဆင့်(၃)၊ အန်ဒရူကိုးလ်က သွင်းဂိုး ၁၈၇ ဂိုးဖြင့် အဆင့်(၄)၊ အဂူရိုက သွင်းဂိုး ၁၈၄ ဂိုးဖြင့် အဆင့်(၅)၊ လမ်းပတ်က သွင်းဂိုး ၁၇၇ ဂိုးဖြင့် အဆင့်(၆)၊ ဟင်နရီက သွင်းဂိုး ၁၇၅ ဂိုးဖြင့် အဆင့်(၇)၊ ဆာလာဟ်က သွင်းဂိုး ၁၆၄ ဂိုးဖြင့် အဆင့်(၈)၊ ရော်ဘီဖောင်လာက သွင်းဂိုး ၁၆၃ ဂိုးဖြင့် အဆင့်(၉)၊ ဒီဖိုးက သွင်းဂိုး ၁၆၂ ဂိုးဖြင့် အဆင့်(၁၀) တွင် အစဉ်လိုက် ရပ်တည်လျက်ရှိသည်။




အသက် ၃၂ နှစ်ရှိ တိုက်စစ်မှူး ဆာလာဟ်သည် ၂၀၁၇ ခုနှစ်က လီဗာပူးအသင်းသို့ ရောက်ရှိခဲ့ပြီး နောက်ပိုင်း ဘောလုံးရာသီတိုင်းတွင် အသင်းအတွက် အနည်းဆုံး သွင်းဂိုး ၂၀ ကျော် သွင်းယူနိုင်ခဲ့သည့်အပြင် ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၅ ပွဲ၌ သွင်းဂိုး ကိုးဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- တိုက်စစ်မှူး ဗင်နီစီးယက်စ်က ရီးရဲလ်မက်ဒရစ်အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ပေါ်တိုအသင်းဂိုးသမား ဒီယေဂိုကော်စတာကို စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၆၀ ဖြင့်ခေါ်ယူရန် အပြိုင်ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။
- မန်ယူအသင်းက ဆန်းဒါးလန်းလူငယ်ကစားသမား ခရစ်ရစ်ဂျ်ကိုခေါ်ယူရန် ကြိုးပမ်းနေပြီး စတာလင်ပေါင် သန်း ၃၀ ထိ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။
- ခံစစ်ကစားသမား ကွန်နာတီသည် ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင် ဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရသော်လည်း စကန်ဖတ်စစ်ဆေးမှုပြုလုပ်ချိန်တွင် ဒဏ်ရာပြင်းထန်မှု မရှိသောကြောင့် လာမည့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဟု နည်းပြစလော့က ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အမှတ်ပေးဇယား အဆင့်(၂)နှင့် (၃)နေရာ၌ ရပ်တည်နေသည့် အသင်းများပီပီ ပွဲစကတည်းက အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၁ မိနစ်တွင် သန်းတိုးအောင်နှင့် ပွဲချိန် ၃၃ မိနစ်တွင် အောင်မြတ်သူတို့က ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးများလိုအပ်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်မြင့် ဖိအားပေးကစားလာခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်း အနိုင်ရလဒ်ကို ထိန်းချုပ်ကစားရန် ကြိုးပမ်းခဲ့သော်လည်း ပွဲချိန် ၅၅ မိနစ်တွင် ဥက္ကာနိုင်နှင့် ပွဲချိန် ၆၁ မိနစ်တွင် ဝေလင်းအောင်တို့က ရန်ကုန်ယူနိုက်တက် အသင်းအတွက် ချေပဂိုးနှစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ရန်ကုန်ယူနိုက်တက် အသင်းမှ ကွင်းလယ်ကစားသမား ဝေလင်းအောင်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# Queensland PGA ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဖီးနစ်ကမ်းဘဲလ် ကာကွယ်နိုင်ခဲ့

**ကွင်းစလန်း နိုဝင်ဘာ ၃**

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ကျင်းပခဲ့သည့် Queensland PGA ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သြစတြေးလျ ဂေါက်သီးရိုက် ကစားသမား ဖီးနစ်ကမ်းဘဲလ်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဖီးနစ်ကမ်းဘဲလ်သည် နောက်ဆုံးနေ့အပြီးတွင် တစ်နိုင်ငံတည်းသားဖြစ်သော ကာတာဂျက်ခ်နှင့် အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားထိပ်တွင် ပူးတွဲရပ်တည်နိုင်ခဲ့၍ ချန်ပီယံဆု အဆုံးအဖြတ်အတွက် Play-off ကစားခဲ့ရခြင်းဖြစ်သည်။

ဖီးနစ်ကမ်းဘဲလ်က Play-off တွင်လည်း အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကာ လက်ရှိချန်ပီယံဆုအား ကာကွယ်နိုင်ခဲ့သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဖီးနစ်ကမ်းဘဲလ် သည် ၁၉၉၇-၁၉၉၈ ခုနှစ်နောက်ပိုင်း Queensland PGA ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသော ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဖီးနစ်ကမ်းဘဲလ်က "မနှစ်တုန်းက Queensland PGA ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပထမဆုံးအကြိမ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာခဲ့ရတယ်။ အခုဒီနှစ်မှာ မနှစ်ကလိုမျိုး လုပ်ပြနိုင်ပါ့မလားဆိုပြီး စိတ်တော့ပူမိသေးတယ်။ ဒါပေမဲ့လဲ ထင်မှတ်မထားဘဲ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# AFC Challenge League 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် Preah Khan Reach Savy Rieng အသင်းတို့ ကစားရမည်

**ရန်ကုန် နိုဝင်ဘာ ၃**

အာရှဘောလုံး အဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် AFC Challenge League 2024 ပြိုင်ပွဲ (East Zone) ကွာတားဖိုင်နယ် အဆင့်တွင် မြန်မာနိုင်ငံကိုယ်စားပြု ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ကမ္ဘောဒီးယားကလပ် Preah Khan Reach Savy Rieng အသင်းနှင့် ကစားသွားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် AFC Challenge League 2024 ပြိုင်ပွဲ(East Zone)ကို အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး အုပ်စု(D)တွင် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်း၊ ကမ္ဘောဒီးယားကလပ် Young Elephant အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ်နှစ်ပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင် တစ်ပွဲသရေရလဒ်ဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ အုပ်စုပထမနေရာမှ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

AFC Challenge League 2024 ပြိုင်ပွဲ(East Zone) ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ရှမ်းယူနိုက်တက် အသင်းနှင့် Preah Khan Reach Savy Rieng အသင်း၊ တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းနှင့် အင်ဒိုနီးရှားကလပ် မာဒူရာယူနိုက်တက် အသင်း၊ ကူဝိတ်ကလပ် အယ်လ်အာရာဘီအသင်းနှင့် အိုမန်ကလပ် အယ်လ်ဆက်ဒ်အသင်း၊ အိန္ဒိယကလပ် အရှေ့ဘန်ဂေါ အသင်းနှင့် တာ့ခ်မင်နစ္စတန်ကလပ် အာရ်ကာဒက်အသင်းတို့ ကစားသွားမည်ဖြစ်သည်။

AFC Challenge League 2024 ပြိုင်ပွဲ(East Zone)ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကစားမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် Preah Khan Reach Savy Rieng အသင်းတို့ကစားမည့် ပထမအကျော့ပွဲစဉ်ကို လာမည့် ၂၀၂၅ ခုနှစ် မတ် ၆ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို မတ် ၁၃ ရက်တွင်လည်းကောင်း ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(B) အတွက် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ Nakhon Ratchasima မြို့ရှိ Terminal 21 Korat ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ အခမ်းအနားသို့ အုပ်စု(D)တွင် ပါဝင်မည့် သြစတြေးလျအသင်း၊ ကမ္ဘောဒီးယားအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့မှ နည်းပြများနှင့်အတူ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြ Mr.Bunlert Cheorawong တို့ တက်ရောက်ပြီး ဒေသတွင်း မီဒီယာများ၏မေးမြန်းမှုများကို အသီးသီး ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ အခမ်းအနားတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြ Mr. Bunlert Cheorawong က "ဒီပြိုင်ပွဲက ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲတစ်ခုပါ။ နိုင်ငံပေါင်းစုံ ကစားသမားအသစ်တွေကို ပိုမိုကောင်းမွန်တဲ့ ကစားသမားတွေ ဖြစ်အောင် အခွင့်အရေးပေးတဲ့ ပြိုင်ပွဲတစ်ခုလဲ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် ပြိုင်ပွဲကရခဲ့တဲ့ အဆင့်ထက် မနိမ့်ကျတဲ့ရလဒ်မျိုးရရှိဖို့ ကြိုးစားသွားမှာပါ။ မြန်မာဖူဆယ်ပရိသတ်တွေကို ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့ကိုအားပေးနေတဲ့ ပရိသတ်အတွက် အကောင်းဆုံးကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၄ ရက်တွင် သြစတြေးလျအသင်း၊ နိုဝင်ဘာ ၅ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် နိုဝင်ဘာ ၆ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ရီးရဲလ်ကစားသမားဟောင်း မာဆယ်လို ဖလူမီနန်စီအသင်းနှင့် စာချုပ်ဖျက်သိမ်းကြောင်းကြေညာ

**မက်ဒရစ် နိုဝင်ဘာ ၃**




ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း မာဆယ်လိုသည် ဖလူမီနန်စီအသင်းနှင့် စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း နည်းပြနှင့် အချင်းများခဲ့သဖြင့် အသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

ဖလူမီနန်စီအသင်းနှင့် ဂရီမီယိုအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး တောင်ပံခံစစ်ကစားသမား မာဆယ်လိုက ၎င်းကို ဒုတိယပိုင်းတွင် လူစားလဲမှု မပြုလုပ်ခဲ့သဖြင့် နည်းပြ မီနီဇက်စ်နှင့် အပြန်အလှန် အချင်းများမှု ဖြစ်ပေါ်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ၎င်းကို စာချုပ်ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မီနီဇက်စ်သည် တောင်ပံခံစစ်ပိုင်းတွင် ဒဏ်ရာရကစားသမား များပြားနေချိန်တွင် မာဆယ်လိုကို ထည့်သွင်းအသုံးပြုခဲ့သော်လည်း ၎င်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသဖြင့် ဒဏ်ရာရကစားသမားများ ပြန်လည်ကစားနိုင်သည့် ယခုပွဲစဉ်တွင် မာဆယ်လိုကို အရန်လူစာရင်းတွင်သာ ထည့်သွင်းခဲ့ကြောင်း သိရသည်။

အသက် ၃၆ နှစ်ရှိ မာဆယ်လိုသည် ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိသေးသောကြောင့် အသင်းရှာဖွေရန် ကြိုးပမ်းလျက်ရှိပြီး ၎င်းနှင့် ကိုက်ညီမည့်အသင်းသို့ ပြောင်းရွှေ့သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် သရေရလဒ် ထွက်ပေါ်ခဲ့သည့် ဖလူမီနန်စီ အသင်းသည် အမှတ်ပေးပြိုင်ပွဲ ၃၂ ပွဲအပြီးတွင် အဆင့် ၁၂ နေရာတွင် သာရောက်ရှိခဲ့ပြီး အသင်းအနေဖြင့် ၂၀၁၉ ခုနှစ်နောက်ပိုင်း ဘောလုံးရာသီတွင် ရလဒ်အဆိုးရွားဆုံးနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ကျွန်တော် ပြည်သူ့စစ်မှုထမ်း (၃)

ဗန်ညို

ကျွန်တော်တို့တစ်တွေ ပါဝင်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပြီး နောက်ထပ်သင်တန်းများကလည်း အစီအရီနှင့်မို့ တပ်မတော်နှင့် နိုင်ငံတော်အတွက် အားသစ်အင်သစ်များ တာဝန်ထမ်းဆောင်ရန် အသင့်ဖြစ်နေမှုများက အားရစရာပင် ဖြစ်နေပေတော့သည်။ ထိုသို့ပင် နိုင်ငံတော်အတွက် တပ်မတော်သည် အစဉ်နုပျိုအားသစ်လောင်းနေရမည်မှာ အမှန်ပင်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်အတွက် အန္တရာယ်ကြုံတိုင်းဖြေရှင်းရင်ဆိုင်မည့် တပ်မတော်သည် အမြဲတမ်းပင်လျှင် ကာကွယ်ရေးအင်အားစုများဖြင့် အသင့်ဖြစ်နေပေမည်။ တပ်မတော်သည် နိုင်ငံတော်အတွက် အမြဲအသင့်ရှိနေရာတွင် ကာကွယ်ရေးအင်အားစုဖြစ်သည့် လူအင်အား၊ လက်နက်အင်အားနှင့်နည်းပညာအင်အားများပါမကျန် မပြတ်ဖြည့်ဆည်းလေ့ကျင့်ဆောင်ရွက်နေရမည်မှာ အမှန်ပင်ဖြစ်ပေသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမှာ အမှန်ပင်ဖြစ်သောကြောင့် တပ်မတော်အင်အားရှိရန် အမှန်ပင် လိုအပ်လှပေသည်။

**ကာကွယ်ရေးအင်အား**

ကာကွယ်ရေးအင်အားသည် ယနေ့ခေတ်တွင်မှ မဟုတ်ချေပဲ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ကာကွယ်ရန်စုဖွဲ့ခဲ့ကြရသည်။ ပထမမြန်မာနိုင်ငံတော်ဟု ဆိုရမည့် ပုဂံခေတ် အနော်ရထာဘုရင်လက်ထက်တွင် ဆယ်ပြူမြို့၊ ရာပြူမြို့နှင့် ထောင်ပြူမြို့တို့ဖြင့် တပ်ကို ဖွဲ့စည်းခဲ့ကြပြီး ထိုစဉ်က အမြဲတမ်းတပ်မတော်ဟူ၍ မရှိဘဲ နိုင်ငံအတွက် အရေးပေါ်အချိန်တွင် စုစည်းတိုက်ပွဲဝင်ကြခြင်းဖြစ်သည်။ စစ်မက်အတွက် ဆင့်ခေါ်ချိန်တွင် လုပ်လက်စ လယ်စိုက်၊ယာထွန်အလုပ်များကိုပစ်ချထားခဲ့ပြီး စစ်တိုက်ရာသို့ ရဲစွမ်းသတ္တိအပြည့်ဖြင့် လိုက်ပါစုဖွဲ့တိုက်ခိုက်ကြသည်။ မင်းနေပြည်တော်တွင် အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးပြင်လေးရပ်တို့ကို စောင့်ရှောက်ရသည့် ထောင်မှူးလေးယောက်၊ တပ်သား ၄၀၀၀ မှတစ်ပါး အမြဲတမ်းဖွဲ့စည်းထားသောတပ် Regular Army မရှိခဲ့ပေ။ ပြောရမည်ဆိုလျှင် နိုင်ငံအတွက် နိုင်ငံသားတို့ အမြဲစစ်ရေးအသင့်ရှိနေသည်ဟု ဆိုရချေမည်။

ဒုတိယမြန်မာနိုင်ငံတော် ဟံသာဝတီခေတ် ဘုရင့်နောင်မင်းတရားလက်ထက်တွင်လည်း နိုင်ငံကိုကာကွယ်မည့် အမြဲတမ်းတပ်မတော်မရှိသော်လည်း နိုင်ငံအတွက် အရေးပေါ်တိုင်း စစ်မှုထမ်းမည့်သူများ အသင့်ရှိခဲ့လေသည်။ ထိုသို့ အသင့်ရှိသောကြောင့်ပင် ဇင်းမယ်နှင့် မဏိပူရသို့ပင် စစ်ရေးပြုနိုင်ခဲ့ပြီး နိုင်ငံတော်၏မြေပုံထဲသို့ ထည့်သွင်းနိုင်ခဲ့သည်။ တရုတ်စော်ဘွားများ သစ္စာခံလာခြင်းနှင့် သီရိလင်္ကာသူပုန်များကို တိုက်ခိုက်နှိမ်နင်းသည်ထိ လက်ရုံးဆန့်နိုင်ခဲ့သည်။ ဆိုချင်သည်မှာ နိုင်ငံသားတို့ စစ်ရေးအတတ်ပညာ ကုံလုံကြွယ်ဝလေလေ နိုင်ငံ၏နယ်နမိတ်က ကျယ်ဝန်းပြီး ပတ်ဝန်းကျင်နိုင်ငံများက လေးစားခံ့ညားလောက်သည့် တပ်မတော်ရှိနေခြင်းသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပေသည်။ လက်ရှိ မြန်မာနိုင်ငံတော်၏နယ်နိမိတ်အဝန်းအဝိုင်းသည်ပင် မင်းကြီးသုံးပါးက သတ်မှတ်ပေးခဲ့သည့် အဝန်းအဝိုင်းဟု ဆိုရမည်ပင်ဖြစ်သည်။

ကျန်ရှိနေသေးသည့် မင်းကြီးတစ်ပါးသည် တတိယမြန်မာနိုင်ငံကို ဦးဆောင်တည်ထောင်ခဲ့သည့် ကုန်းဘောင်ခေတ်၏ ရှေ့ဆောင်အလောင်းမင်းတရားကြီး ဦးအောင်ဇေယျပင် ဖြစ်သည်။ အလောင်းမင်းတရားသည် ရွာပေါင်း ၄၆ ရွာကို စုစည်း၍ မုဆိုးဖိုထန်းလုံးတပ်ကို တည်ကာ စစ်သည် ၆၈ ဦးဖြင့် စတင်ခဲ့သူဖြစ်သည်။ ထို့ပြင် နိုင်ငံတည်ငြိမ်ရေးကို အနှောင့်အယှက်ပြုနေသည့် ကသည်းနှင့် ယိုးဒယားတို့ကိုလည်း တိုက်ခိုက်ခဲ့သည်။ အလောင်းမင်းတရားကြီးသည် မြန်မာတစ်နိုင်ငံလုံးကို စည်းရုံးစုဖွဲ့နိုင်ခဲ့သဖြင့် မြန်မာ့တပ်မတော်စစ်အင်အားသည်လည်း များစွာကြီးမားကျယ်ပြန့်ခဲ့ကာ သားတော် မြေဒူးမင်းလက်ထက်တွင် ဇင်းမယ် ၅၇ ခရိုင်ကို သိမ်းပိုက်နိုင်ခြင်း၊ ယိုးဒယားကို မင်းနှင့်တကွ သိမ်းပိုက်နိုင်ခြင်း၊ မန်ချူးတရုတ်တို့၏ ကျူးကျော်မှုကို လေးကြိမ်တိုင်တိုင် အောင်မြင်စွာ တိုက်ခိုက်တွန်းလှန်နိုင်ခြင်းနှင့် ကသည်းတို့ကို တိုက်ခိုက်အောင်မြင်ခြင်းတို့ စွမ်းဆောင်နိုင်ခဲ့ပေသည်။

**တပ်မတော်အင်အားရှိမှ**

ပြောရမည်ဆိုလျှင် တပ်မတော်အင်အားရှိသဖြင့် နိုင်ငံကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည့် သာဓကများကို မင်းကြီးသုံးပါးက သမိုင်းနှင့်ချီ၍

> ❖တပ်မတော်အင်အားရှိသဖြင့် နိုင်ငံကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည့် သာဓကများကို မင်းကြီးသုံးပါးက သမိုင်းနှင့်ချီ၍ သက်သေတည်ခဲ့သည်မှာ ယနေ့ နိုင်ငံသူ၊ နိုင်ငံသားများ မှတ်ဖွယ်ပင်ဖြစ်နေသည်။ တပ်မတော်အင်အားရှိက နိုင်ငံသာယာဝပြောကာ စားရေရိက္ခာဖူလုံဝပြောမည်ဖြစ်သည်။ ထိုမှသာ ကျန်းမာသန်စွမ်းသော နိုင်ငံသူ၊ နိုင်ငံသားတို့ နိုင်ငံ့ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြမည်။ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားတို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြစ်သဖြင့် နိုင်ငံ့အရေးသည် နိုင်ငံသူ၊ နိုင်ငံသားတို့ အရေးပင်ဖြစ်ကြောင်းမှာ ရှေးယခင်ကပင် သက်သေထူခဲ့ပြီးဖြစ်သည်။ ❖

သက်သေတည်ခဲ့သည်မှာ ယနေ့ နိုင်ငံသူ၊ နိုင်ငံသားများ မှတ်ဖွယ်ပင်ဖြစ်နေသည်။ တပ်မတော်အင်အားရှိက နိုင်ငံသာယာဝပြောကာ စားရေရိက္ခာဖူလုံဝပြောမည်ဖြစ်သည်။ ထိုမှသာ ကျန်းမာသန်စွမ်းသော နိုင်ငံသူ၊ နိုင်ငံသားတို့ နိုင်ငံ့ကာကွယ်ရေး တာဝန်ထမ်းဆောင်ကြမည်။ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားတို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြစ်သဖြင့် နိုင်ငံ့အရေးသည် နိုင်ငံသူ၊ နိုင်ငံသားတို့ အရေးပင်ဖြစ်ကြောင်းမှာ ရှေးယခင်ကပင် သက်သေထူခဲ့ပြီးဖြစ်သည်။ သို့ပါ၍ ယခုလို အချိန်အခါမျိုးတွင် တပ်မတော်အင်အားရှိရန် မိမိတို့ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းကို အလှည့်ကျချိန် မစောင့်ဆိုင်းပါဘဲ နိုင်ငံ့ကာကွယ်ရေးတာဝန် အမြန်ထမ်းဆောင်နိုင်ရန်အတွက် ကိုယ့်အစီစဉ်ဖြင့် တပ်မတော်ထဲသို့ ဗော်လန်တီယာ volanteer ဝင်ရောက်ခဲ့ရခြင်းဖြစ်သည်။

**တပ်မတော်သည် နိုင်ငံတော်၏အား**

တပ်မတော်သည် နိုင်ငံတော်ကို အစဉ်စောင့်ရှောက်ခဲ့သည်မှာ မင်းကြီးသုံးပါးလက်ထက်ကတည်းကဟု ဆိုရချေမည်။ တပ်မတော်ဆိုသည့် အဖွဲ့အစည်းသည် နိုင်ငံတော်သမိုင်းနှင့် ယှဉ်တွဲ၍ ရပ်တည်ဖြစ်ပေါ်ခဲ့သည်မှာ ပြော၍ကား ရပေမည်။ ပြောရမည်ဆိုလျှင် နိုင်ငံတော်ဖြစ်တည်မှုနှင့် တပ်မတော်ဖြစ်တည်မှုကို ခွဲခြား၍ ပြော၍ရမည်မဟုတ်ဘဲ လေ့လာကြည့်ပါက တစ်သားတည်းဖြစ်တည်မှုဟု ပြောလျှင်ရသည့် အနေအထားတွင်ဖြစ်ကြောင်း တွေ့ရပေသည်။ တပ်မတော်အင်အားထွန်းပြောင်လေလေ နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေး ကောင်းလေလေ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ထွန်းပြောင်လေလေ ဖြစ်သဖြင့် နိုင်ငံတော်နှင့် တပ်မတော်သည် တိုက်ရိုက်အချိုးကျနေပေသည်ဟု ဆိုရပေမည်။ သို့ပေ၍ နိုင်ငံတော်၏အားဖြစ်သော တပ်မတော်အင်အားတောင့်တင်းစေရေးသည် နိုင်ငံသူ၊ နိုင်ငံသားတို့၏ တာဝန်ဖြစ်သည်မှာ ကွက်ကွက်ကွင်းကွင်းမြင်ရပေပြီဟု ဆိုရပေမည်။

**လေးစားဖွယ်ရာ**

ဤနေရာဝယ် တပ်မတော်သားတို့ လိုက်နာကျင့်သုံးရသည့် ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲကြသည့် ကျင့်ဝတ် ၆၀ အကြောင်းကို ဖြည့်စွက်ပြောချင်နေမိသည်။ စစ်မြေပြင်ဝယ် ရန်သူကို နေလို၊ မီးလို ကျင့်ကြံကြသော စစ်သည်တို့သည် ပြည်သူကိုတော့ ရေလို၊ လလို ကျင့်ကြံကြတာကို စစ်မြေပြင်တွင် လက်တွေ့ကျကျ ကျင့်သုံးကြတာ တွေ့ရ၍ ဝမ်းသာမိရသည်။ စာတွေ့နှင့် လက်တွေ့ကို တစ်ထပ်တည်းကျနေတာမြင်ရ၍ ကြည်နူးမိသည်။ ထို့အတူ ရန်သူကို ရန်သူလို သဘောထားမှုကို မြင်သည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိအခြေအနေတွင်ပင် နိုင်ငံ၏ နေရာဒေသတချို့တို့တွင် အကြမ်းဖက်သောင်းကျန်းသူတို့၏ နှောင့်ယှက်တိုက်ခိုက် ဖျက်ဆီးလုယက်သတ်ဖြတ်မှုတို့ကို မြင်ကြားနေရ၍ ထိုအကြမ်းဖက်သူတို့ကို ရန်သူလို သဘောထားရသည်မှာ လွန်မည် မထင်မိ ချေ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် ပြည်ကို တည်ဆောက်သူမဟုတ်ဘဲ ဖျက်ဆီးသူများဖြစ်နေကြ၍ ဖြစ်သည်။

**အားဖြည့်အင်ဖြည့်**

ယခုလို နိုင်ငံတော်က လိုအပ်ချိန်တွင် တစ်ဖက်တစ်လမ်းမှ ကျောက်ကောင်းတစ်စိဖြစ်ဖြစ်၊ ခဲကောင်းတစ်လက်ဖြစ်ဖြစ် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးကူညီရမည်မှာ သည်မြေမှာနေ၊ သည်ရေကိုသောက်သည့် သည်နိုင်ငံသားတိုင်းတို့၏ တာဝန်ပင်ဖြစ်သည်မှာ ပြောစရာလိုအပ်မည် မဟုတ်ကြောင်း ထင်မြင်မိသည်။ နိုင်ငံ၏လက်ရုံး ကောင်းမွန်စွာဆန့်တန်းနိုင်ရေးမှာ နိုင်ငံသူ၊ နိုင်ငံသားတိုင်းအတွက် မွေးရာပါ သမိုင်းပေးတာဝန်တစ်ရပ်လည်း ဖြစ်နေသည်။ မင်းကြီးသုံးပါးလက်ထက်မှစ၍ မွေးခဲ့ကြသည့် ဇာတိသွေး ဇာတိမာန်တို့၏ အရှိန်အဟုန်သည် နိုင်ငံသူ၊ နိုင်ငံသားတို့၏စိတ်ဝယ် ရိုက်ခတ်ဆော်သြနေသည်ဟု ဆိုရပေမည်။ သည်အချိန်၊ သည်ကာလသည် ပြောရမည်ဆိုလျှင် မြန်မာ့သွေးပြရမည့် အချိန်ဟုဆိုလျှင် မှားမည်မထင်မိပါ။ မြန်မာ့သမိုင်းတွင် မြန်မာ့သွေး မည်မျှ နီစွေးကြောင်း ပြခဲ့ကြသည့် ရှေးအစဉ်အဆက်က နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့သည့် မြန်မာ့တပ်မတော်သားများကို အခုချိန်တွင် အားနာမိပါသောကြောင့် ပြည်သူ့စစ်မှုထမ်းအဖြစ် အမြန်ဝင်ရောက်ခဲ့ရခြင်းလည်း ဖြစ်ပေသည်။

**မြန်မာ့သွေးပြ**

မြန်မာ့သွေးသည် ရဲရဲနီကြောင်း ရှေးရာဇဝင်သမိုင်းကြောင်းနှင့်ချီ၍ ရှိခဲ့ကြသည်ဟု ဆိုရချေမည်။ ထိုကဲ့သို့ရှိခဲ့ကြကြောင်းကို စစ်ချီတေးများတွင် ထည့်သွင်းစပ်ဆို ဂုဏ်ပြုခဲ့ကြကြောင်း တွေ့ရှိရသည်။ ယခု စစ်ချီတေးတစ်ပုဒ်ကို ထုတ်နုတ်၍ ဖော်ပြရလျှင် "တို့မြန်မာတွေ ရဲစွမ်းပြမည် အာဇာနည်ပီပီ၊ တို့ရဲဘော်များ အားလုံးညီညီ ဖွဲ့နဲ့ ချီတက်မည်၊ မျိုးရိုးနဲ့ ရာဇဝင်မော်ကွန်းတည် သူရဲကောင်းများထွန်းကားသည်၊ မင်းရဲကျော်စွာ တပင်ရွှေထီးပုံညီ၊ ဘုရင့်နောင်ပါ အလောင်းဘုရားတို့သည်၊ မြန်မာ့ရဲသွေးမွေးခဲ့သည်၊ ရဲဇာနည် အောင်တပ်မတော်ချီ၊ ဖွဲ့နဲ့တို့များတိုက်ခိုက်မည်" ဟု မှတ်မိနေသည်။ မျိုးရိုးရှိပြီး ရာဇဝင်က မော်ကွန်းထိုးလောက်သည့် မြန်မာ့တပ်မတော်သားများအနေဖြင့် ရှေးသူရဲကောင်းများနည်းတူ အောင်မြင်သည့် တပ်မတော်ဖြစ်အောင် ဖွဲ့နှင့် တိုက်ထုတ်ရမည်ဟု ဆိုထားသည်။ ငုတ်မိသဲကိုင်တက်နိုင်ဖျားရောက်အောင် ဖွဲ့လုံ့လဝီရိယကို အရင်းတည်၍ အောင်မြင်မှုသရဖူကို စွဲကိုင်ထားနိုင်ရမည်ဖြစ်သည်။

**ပြည်သူနှင့် လက်တွဲ၍**

ပြည်သူပါလျှင် စစ်နိုင်သည်ဆိုသည့်အတိုင်း ပြည်သူပါသော တရားသောစစ် အောင်နိုင်ရေးအတွက် ခလုတ်ကို သင်ဖြူး၊ ဆူးကို မွှေ့ရာသဘောထား၍ ရင်ကို မြေကတုတ်လုပ်၍ တိုက်ပွဲဝင်လျက်ရှိသည်။ နိုင်ငံအတွက် ပြည်သူတွေပါ တစ်သားတည်းပါဝင်ကူညီပံ့ပိုး တိုက်ပွဲဝင်ခဲ့တိုင်း အကြမ်းဖက်သောင်းကျန်းသူတို့ လက်မြောက်ဒူးထောက်ခဲ့ရသည့် တိုက်ပွဲများစွာ ရှိခဲ့ပေသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသဖြင့် ပြည်သူကူ၍ အောင်လံထူခဲ့သည့် တိုက်ပွဲများစွာက သာဓကပင် ဖြစ်ပေတော့သည်။ တိုက်ပွဲဝင်အရာရှိစစ်သည်တို့သည် ဘုရင့်နောင်ထုံး နှလုံးမူကာ ရဲရဲတက် ရဲရဲတိုက်ခဲ့ကြပေသည်။ ရန်သူဟူသမျှတို့သည် သူ့နိုင်ငံသားသံမှုန့်စားမှ၊ တို့ခားတုံးမည်၊ မှတ်တော့တည်လေ့ဟု ဆိုသည့်အတိုင်း ဖွဲ့ခတ်မှသာ အောင်ပွဲမှာ အလှမ်းမဝေးနိုင်မည်ဖြစ်သည်။ ပြည်သူက ကိုယ့်ဘက်က အမြဲရပ်တည်နေသည်မို့ ပြည်သာဖို့အရေး မဝေးတော့ပြီဟု ဆိုရချေမည်။

**လေးစားဂုဏ်ယူ**

ယခုအခါ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဂုဏ်ယူစွာ ထမ်းဆောင်နေသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်း စစ်သည်တော်များကိုလည်း လေးစားပါကြောင်း ပြောပြချင်နေမိသည်။ တပ်မတော်သားဆိုသည်မှာ နိုင်ငံ့တာဝန်ကို ရာသီ၊ အချိန်နာရီနှင့် နေရာဒေသမရွေး ဦးလည်မသုန်စွာဖြင့် ဦးဆွေးဆံမြေ့စွာ ကျေကျေပွန်ပွန် တာဝန်သိသိနှင့် သစ္စာရှိရှိ ထမ်းဆောင်နေကြသူများ ဖြစ်ကြသည်။ ထိုသို့ ထမ်းဆောင်ရာဝယ် ပြည်သူက ကိုယ့်နောက်မှာ ထုနှင့်ထည်နှင့် ရှိနေတာသိရ၍ အားရှိပါးရှိနှင့် နိုင်ငံတာဝန်တွေကို သည့်ထက်မက ထပ်တိုးထမ်းဆောင်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်နေမိသည်။ ပြည်သူတွေက ချစ်သော၊ ပြည်သူတွေကို ချစ်သည့် မိမိတို့ တပ်မတော်သားများတွင် နိုင်ငံတော်နှင့်ပြည်သူကို ချစ်ခင်မြတ်နိုးသည့်စိတ်များ ဆတက်ထမ်းပိုးဖြစ်ပေါ်နေမိသည်ကိုတော့ ပြောပြစရာလိုမည် မထင်တော့ပါကြောင်းကို ရေးသားလိုက်ရပါသည်။

# Paper Tiger မှုခင်းဇာတ်ကားသစ်တွင် အဒမ်ဒရိုက်ဘာနှင့် အန်နီဟေသာဝေးတို့ ပါဝင်သရုပ်ဆောင်မည်





**နယူးယောက် နိုဝင်ဘာ ၃**

Paper Tiger အမည်ရှိ မှုခင်းအက်ရှင် ဇာတ်ကားသစ်တွင် မင်းသား အဒမ်ဒရိုက်ဘာနှင့် မင်းသမီး အန်နီဟေသာဝေးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Paper Tiger ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဇာတ်ညွှန်းရေးဆရာ ဂျိမ်းစ်ဂရေး က ရေးသားပေးထားသည်။

အဆိုပါ Paper Tiger ဇာတ်ကားသည် ရုရှားမာဖီးယားဂိုဏ်း တစ်ဂိုဏ်းနှင့် ပြဿနာတက်ခဲ့ရသည့် ညီအစ်ကိုနှစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ထို့ပြင် အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းစ်ဂရေးကပင် တာဝန်ယူ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

Paper Tiger ရိုက်ကူးရေးလုပ်ငန်းကို ၂၀၂၅ ခုနှစ် နှစ်စပိုင်းတွင် စတင်ရိုက်ကူးရန် ဒါရိုက်တာ ဂျိမ်းစ်ဂရေးက စီစဉ်ထားသည်။

လက်ရှိအချိန်တွင် Paper Tiger ဇာတ်ကားရုံတင်ပြသမည့်အချိန်ကို ထုတ်လုပ်သူများက ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Movienew**
**Trs : KKO**

# Street Justice ဇာတ်ကား၌ မင်းသား ဝီဖာရဲ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် နိုဝင်ဘာ ၃**

၂၀ ရာစု ရုပ်ရှင်ကုမ္ပဏီ၏ Street Justice ဟာသဇာတ်ကားသစ်တွင် မင်းသား ဝီဖာရဲ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Street Justice ဇာတ်ကားတွင် မင်းသား ဝီဖာရဲသည် ထုတ်လုပ်သူတစ်ဦး အဖြစ်လည်း တာဝန်ယူမည် ဖြစ်ကြောင်း သိရသည်။

Street Justice ဇာတ်ကားကို ဒါရိုက်တာ ပီတာအက်တန်စီယိုက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ဒွေကယ်လာဟမ်က ဝတ္ထုဇာတ်ညွှန်းရေးသားပေးထားသည်။

လက်ရှိတွင် Street Justice ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကိုမသိရသေးကြောင်း သိရသည်။

ဒါရိုက်တာ ပီတာအက်တန်စီယိုသည် Keanu နှင့် The Machine ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိတွင် Street Justice ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# ဘောက်ချာ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလတွင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် နိုဝင်ဘာ ၃**

Bo Bo Film Production က ရိုက်ကူးထုတ်လုပ်သည့် ဘောက်ချာ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလတွင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင် ချိုမဒီသွင်က ပြောပြ၍ သိရသည်။

ဘောက်ချာရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားကာ ဒါရိုက်တာ စိုးမိုးမင်းက ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ချို တစ်ခါမှ မလုပ်ဖူးတဲ့ ကာရိုက်တာကို လုပ်ခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။ အားလုံးကလဲ လက်တွဲခေါ်ပေးလို့ အခက်အခဲမရှိခဲ့ပါဘူး။ ဒီဇာတ်ကားက ဟာသနဲ့ ကြောက်လန့်တကြားဖြစ်တဲ့ လျှို့ဝှက်သည်းဖိုကို ပေါင်းစပ်ထားတာ ဖြစ်ပါတယ်။ ကြောက်လဲကြောက်ရမယ်၊ ရယ်လဲရယ်ရမယ်ပေါ့။ သရဲကားလို့တော့ လွယ်လွယ်မသတ်မှတ်စေချင်ဘူး။ ထူးခြားမှုတွေရှိနေတဲ့ ဝိညာဉ်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းကောင်းမို့ ရုံတင်ရင်လာပြီးတော့ လေ့လာအကဲဖြတ်ပေးပါအုံး"ဟု သရုပ်ဆောင် ချိုမဒီသွင်က ပြောပြသည်။

ဘောက်ချာရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ မင်းဘုန်းမြတ်၊ အရိုင်း၊ ခင်လှိုင်၊ ခြူးလေး၊ ခြူးစစ်ဟန်၊ ချိုမဒီသွင်၊ လုနတ္တုန်း၊ ဟန်နီဇော်၊ မိုးမိုးနှင့် အခြားအနုပညာရှင်များ သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Days of Thunder နောက်ဆက်တွဲအတွက် တွမ်ခရုနှင့် Paramount ကုမ္ပဏီတို့ဆွေးနွေး

**နယူးယောက် နိုဝင်ဘာ ၃**

Days of Thunder ဒရာမာဇာတ်ကား၏နောက်ဆက်တွဲ ဇာတ်ကားသစ်ရိုက်ကူးထုတ်လုပ်ရေးအတွက် ကမ္ဘာကျော်မင်းသား တွမ်ခရုသည် Paramount ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Days of Thunder (1990) ဇာတ်ကားသည် မင်းသား တွမ်ခရု၏ ကမ္ဘာကျော်ဒရာမာရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။


Days of Thunder ဇာတ်ကားကို ဒါရိုက်တာ တိုနီစကော့က တာဝန်ယူရိုက်ကူးခဲ့ပြီး မင်းသား တွမ်ခရုနှင့်အတူ မင်းသမီး နစ်ကိုးကစ်မင်းတို့ ပါဝင်ခဲ့သည်။

လက်ရှိတွင် Days of Thunder နောက်ဆက်တွဲ ဇာတ်ကားကို ရိုက်ကူးရေးအတွက် မင်းသား တွမ်ခရုနှင့် Paramount ကုမ္ပဏီတို့ကြား ပဏာမဆွေးနွေးမှုများ ပြုလုပ်နေသည်။

မင်းသား တွမ်ခရု နောက်ဆုံးပါဝင် သရုပ်ဆောင်ထားသော ဇာတ်ကားမှာ Mission: Impossible-Dead Reckoning Pant One ဖြစ်သည်။

ယခင်ဇာတ်ကားကို ၂၀၂၅ ခုနှစ် မေ ၂၃ ရက်တွင် ရုံတင်ရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# Mahar Application ၏ Mahar Original Series မူပိုင်ဇာတ်လမ်းတွဲဖြစ်သည့် ငါဘုရင်မ ဇာတ်လမ်းတွဲကို နိုဝင်ဘာလ ပထမပတ်တွင် ထုတ်လွှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

Mahar Application ၏ Mahar Original Series မူပိုင်ဇာတ်လမ်းတွဲဖြစ်သည့် ငါဘုရင်မ ဇာတ်လမ်းတွဲကို HD Quality ဖြင့် နိုဝင်ဘာလ ပထမပတ်တွင် ထုတ်လွှင့်မည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ထက်ထက်ထွန်းက ပြောပြ၍ သိရသည်။

ငါဘုရင်မ ဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို သျှင်မကေ ရေးသားထားပြီး ညမွှေးပန်း၊ ငွေစင်သွန်းနှင့် သင်းနံ့သာတို့က ရေးသားထားကာ ဒါရိုက်တာ ဝိုင်းက တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ အိမ်ထောင်ရေး ပညာပေးဇာတ်လမ်းတွဲလေးပါ။ ဝါရင့် သရုပ်ဆောင်ကြီးနဲ့အပြိုင်ကြီးရတဲ့ ဇာတ်ရုပ်ရထားတဲ့အတွက် ကြိုးစားသရုပ်ဆောင်ထားပါတယ်။ အားပေးကြပါအုံး" ဟု သရုပ်ဆောင် ထက်ထက်ထွန်းက ပြောပြသည်။

ငါဘုရင်မ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အလင်္ကာရောင်၊ မင်းဦး၊ ကျော်ဇေယျ၊ ခင်ဝင့်ဝါ၊ ထက်ထက်ထွန်း၊ ခင်မို့မို့အေး၊ စိုးမိုးကြည်၊ သန်းသန်းစိုး၊ စင်ဒီမြတ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါ ဇာတ်လမ်းတွဲကို Mahar Application က နိုဝင်ဘာလ ပထမပတ်မှစ၍ တစ်ပတ်လျှင် ၇ ရက်လုံး ညစဉ် ည ၇ နာရီတိုင်း ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။ ASH

# Domestic oil mills to organize market fair in Yadanabon Super Centre for Tazaungdine-eve period


A previous market fair in progress.

**Mandalay November 3**

The Myanmar Oil Millers' Association has announced that local oil producers will hold a market fair to sell domestically produced edible oils at affordable prices in anticipation of the Tazaungdine Festival. The event will take place at the Yadanabon Super Centre in Mandalay Region.

The Myanmar Oil Millers' Association will hold a pre-Tazaungdine domestic cooking oil sale fair on 2 and 3 November at the promotion area of the Yadanabon Super Centre in Mandalay Region. This fair, will be the third event of its kind, offering locally produced cooking oils at affordable prices.

Executive of the association U Tin Aye stated: "To support domestic oil self-sufficiency, locally processed peanut oil, sesame oil, and sunflower oil will be sold at affordable prices at the Tazaungdine Oil Sales Festival, which will be held in the promotional area of Mandalay Yadanabon Super Centre on 2 and 3 November. Refined peanut oil will be sold at K16,000 per viss. Although this is the first peanut and sesame oil sales event organized by the Association in Mandalay, it will be the third such event overall, following two similar events held in Yangon."

The association held the first domestic edible oil sales festival in commemoration of its fifth annual anniversary on 3 and 4 August at the UMFCCI in Lanmadaw Township, Yangon Region. Moreover, the second festival took place at the same venue from 1 to 3 October.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mawlamyinegyun Township supplies 66,000 baskets of Kyabyan paddy to Yangon market in September

**Mawlamyinegyun November 3**

Local businesspersons from Mawlamyinegyun Township of Ayeyawady Region shipped 66,000 bags of Kyabyan paddy strain to Yangon market in September, said Daw Yi Yi Tun, the owner of rice and paddy commodity exchange in Mawlamyine Township.

Reportedly, local businesspersons sent 45,000 bags of Kyabyan paddy strain to Yangon market in August, compared to 66,000 bags in September.

Daw Yi Yi Tun commented: "Mawlamyinegyun Township sells agricultural produce including paddy and rice to Yangon market. Kyabyan is included in the premium rice strains. Due to high demand from Yangon market, we sent such kind of paddy. Now, we have many clients. Within a month of September alone, Kyabyan paddy is in high demand."

Kyabyan paddy fetches K2.15 million per 100 baskets in the Yangon market. Due to raising demand of paddy, local farmers and businesspersons and other persons in the production chains are grasping employment opportunities and incomes.

Kyaw Kyaw Lin


A warehouse stockpiled with bags of rice.

# More than 15,000 acres of green gram harvested in Wetlet Township

**Wetlet November 3**

Statistics of Wetlet Township Agriculture Department stated that local farmers have harvested 15,945 acres of monsoon green gram in Wetlet Township of Sagaing Region.

Local authorities earmarked 38,525 acres of monsoon green gram in Wetlet Township for 2024-25 monsoon season but farmers have so far planted 38,524 acres of crop against the target cultivation. They started harvesting green gram in August this year and produced 16.77 baskets per acre.

Daw Kyin San, Head of Wetlet Township Agriculture Department unveiled: "Local farmers grew 38,524 acres of monsoon green gram this year. They are harvesting the crops. So far, they have raped 15,000 acres of green gram. We have plans to educate local farmers to expand sown acreage of green gram and use quality strains of crops for boosting per-acre yield of crops."

Officials of the Township Agriculture Department raised farmer awareness for using quality strains of crops suitable for the region, applying agricultural techniques, preventing pests, systematically broadcasting fertilizers and boosting per-acre yield of crops.

206

# More than 17,000 acres of green gram harvested in ChaungU Township

**ChaungU November 3**

Statistics of ChaungU Township Agriculture Department stated that a total of 17,644 acres of monsoon green gram has been harvested in ChaungU Township of Sagaing Region.

Local authorities earmarked 12,950 acres of pre-monsoon green gram and 13,980 acres of monsoon green gram, totalling 26,930 acres in 2024-25 monsoon. Local farmers have planted 8,752 acres of pre-monsoon green gram and 14,032 acres of monsoon green gram, totalling 22,784 acres, against the target cultivation.

Daw Khin Myat Myat Oo, Head of ChaungU Township Department of Agriculture stressed: "This monsoon, local farmers planted 22,784 acres of green gram in ChaungU Township. Now, they are harvesting the crops, and so far, they have harvested 17,644 acres of green gram with high yield. We have a plan to raise farmer awareness to expand sown acreage of green gram and use quality strains of crops."

They started harvesting the crops in August this year. So far, they have harvested 8,752 acres of pre-monsoon green gram, yielding 17.45 baskets per acre and 8,892 acres of monsoon green gram, producing 18.56 baskets per acre.

Staff members of the township department shared knowledge with local farmers to use quality strains of crops, apply correct agricultural techniques, prevent pests, and systematically broadcast fertilizers for ensuring high yield of crops.

This year, the township department provided quality strains of green gram, agricultural inputs, post-harvest technology and other aid for local farmers to increase per-acre yield.

206

# More than 17,000 travellers visit Ngwetaung beach in Hainggyikyun



Ngwetaung beach crowded with visitors.

**Ngaputaw November 3**

A total of 17,566 local and international travellers paid visits to Ngwetaung beach near Myotinchaung Village of Hainggyikyun in Ngaputaw Township of Ayeyawady Region, said Daw Ni Ni Mar, the in-charge of the Ngaputaw Township Tour Service Association.

Travellers, amounting to 14,155 visited the beach in August but 17,566 in September.

Daw Ni Ni Mar, expressing her anticipation, said: "Ngwetaung beach is located near Myat Mawtinsoon Pagoda. The pilgrims heading to the pagoda take a relaxation at the beach. A total of 17,566 travellers visited the beach in September. In the open season, it is expected to reach more travellers in the region. In September, travellers mostly came from Yangon and Nay Pyi Taw including other regions and states. Local tour agencies give services to the travellers systematically."

Most of the travellers who visited the beach came from Yangon Region. Tour operators, local authorities and local people are taking responsibilities of convenience for the travellers, beautification, systematic taking a rest and disciplinary measures.

Kyaw Kyaw Lin

# Merchants dispatch 60,000 bags of black-eyed pea to Yangon market in Sept

**Wakema November 3**

A total of 60,000 bags of black-eyed pea were sent by local merchants from Wakema Township of Ayeyawady Region to Yangon market in September, said Daw Myint Aye, the owner of pulses and beans trading in Wakema Township.

They sold 40,000 bags of black-eyed pea to Yangon market in August but 60,000 bags in September. They purchased pulses and beans from local farmers in Wakema Township and then sent these beans to Yangon market.

Daw Myint Aye disclosed: "A large number of bags of black-eyed pea were sold to Yangon market in September. Now, merchants from Yangon place orders to businesspersons from Wakema to purchase this bean. Brokers and merchants from Wakema Township sell beans to Yangon. Thanks to high demand of black-eyed pea, local farmers and businesspersons in addition to freighters are convenient in earning incomes."

Black-eyed pea gets K116,000 bag containing 16 Pyis in Yangon market.

Kyaw Kyaw Lin



A warehouse filled with bags of rice.

# Pwintbyu Township finishes cultivation of more than 6,000 acres of pulses and beans

**Pwintbyu November 3**

According to the Department of Agriculture in Pwintbyu Township, Magway Region, a total of 6,739 acres of pulses and beans have already been cultivated in this year's winter crop season. In Pwintbyu Township, a total of 41,800 acres of various beans are planned for cultivation this season. But, local farmers began planting them in the first week of October to reach the target acreage, and as of today, 6,739 acres have been completed.

Daw Moe Moe Wai, Head of the Township Agriculture Department commented: "In order to ensure food security in Pwintbyu Township this year and to increase farmers' income, plans have been made to cultivate over 40,000 acres of various pulses and beans during this cold season crop season. As of today, 6,739 acres have already been planted. The types of pulses and beans include chickpeas, butter bean, rice bean, lablab bean, mung bean, lima bean, cowpea, and other varieties. Compared to previous years, efforts have been made to increase crop yields by selecting high-quality strains of crops, region-specific seeds for local farmers and expanding cultivation. Field guidance is being provided to educate farmers on the proper use of agricultural inputs systematically."

In Pwintbyu Township, it is reported that during the winter crop planting season, the area designated for pulses and beans is as follows: a total of 2,1843 acres for chickpea, 132 acres for black bean, 3,697 acres for lablab bean, 3,185 acres for white pea, 3,232 acres for cowpea, 418 acres for mung beans, 214 acres for rice bean, 391 acres for gram beans, 7,732 acres for peanuts, and 956 acres for other types of beans, totalling 41,800 acres for various bean crops.

It is reported that in this year's winter crop planting season, the Department of Agriculture, in collaboration with relevant agencies, is working with local farmers to ensure high yield and quality of pulses and beans. This support includes providing high-quality, quality strains of seeds, necessary fertilizers, and guidance on preventive pest control methods.

Ye Win Naing (NyaungU)

# S. Korea, U.S., Japan hold joint air drills

**Seoul November 3**

South Korea, the United States and Japan held joint air drills involving the U.S. strategic bomber on Sunday, South Korea's Joint Chiefs of Staff (JCS) said.

The trilateral drills took place over waters east of South Korea's southern island of Jeju, the JCS said in a statement, adding that this is the fourth time this year that the U.S. strategic bomber has flown to the Korean Peninsula.

F-15K, KF-16 fighter jets from the South Korean air force, at least one B-1B bomber and F-16 fighter jets from the U.S. air force, and F-2 fighter jets from the Japanese Air Self-Defense Force were mobilized for the combined air exercises, said the JCS.

During the drills, the U.S. bomber, escorted by fighter jets from the three countries, struck a simulated target, said the statement, noting that the drills marked the second air exercise between the three countries this year.

The exercise was in response to the Democratic People's Republic of Korea's launch of an intercontinental ballistic missile (ICBM) on Oct. 31, said the JCS.

Xinhua

# "Path of Friendship" event promotes Chinese culture in Vladivostok

**Vladivostok November 3**

An event promoting traditional Chinese culture was held here on Saturday, drawing over 100 participants, including Chinese culture enthusiasts, students, and local residents.

Chinese Consul General in Vladivostok, Piao Yangfan, said that the event, entitled Path of Friendship, is part of a series of cultural exchange programs to celebrate the 75th anniversary of China-Russia diplomatic relations and the China-Russia Cultural Year.

Such events will help further unleash the potential for bilateral cultural cooperation, and inject new impetus into the growing bond between the people of the two countries, he added.

Vladivostok Deputy Mayor Daria Stegniy praised the event for reinforcing the longstanding friendship between the two countries.

Activities included presentations on Chinese ethnic groups, traditional music, Baduanjin aerobic exercises, a tea ceremony, and hands-on experiences in calligraphy, painting, and paper-cutting.

The event was co-hosted by the Chinese Consulate General in Vladivostok, the Representative Office of the Russian Ministry of Foreign Affairs in Vladivostok, the Gorky Public Library of Primorsky Krai, and the Confucius Institute at Far Eastern Federal University.

Xinhua




Chinese Consul General in Vladivostok Piao Yangfan delivers a speech during the event entitled Path of Friendship at the Gorky Public Library in Vladivostok, Russia, Nov. 2, 2024.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက KUB တိုက်ခိုက်ရေးဒရုန်းများထုတ်လုပ်မှု အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိ



ရုရှားနိုင်ငံ Kalashnikov Group ကုမ္ပဏီလက်အောက်ရှိ Izhevsk Unmanned Systems (OOO NPO IzhBS) စက်ရုံသည် တင့်ကား၊ သံချပ်ကာယာဉ်များကို တိကျစွာတိုက်ခိုက်ချေမှုန်းနိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားသည့် KUB တိုက်ခိုက်ရေးဒရုန်းများထုတ်လုပ်မှု အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

IzhBS စက်ရုံသည် ဒရုန်းထုတ်လုပ်မှုစွမ်းရည်ကို အရှိန်မြှင့်တင်ရန်အတွက် နည်းပညာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များကို ရှာဖွေစုဆောင်းခဲ့သည်။ KUB တိုက်ခိုက်ရေးဒရုန်းများ ဝယ်လိုအားမြင့်တက်လာမှုကို ဖြေရှင်းရန်အတွက် ကုမ္ပဏီမှ အီလက်ထရွန်နစ်ပညာရှင်များ၊ အလုပ်သမားများ၊ ဒီဇိုင်နာများ၊ ပရိုဂရမ်မာများ၊ အင်ဂျင်နီယာများနှင့် နည်းပညာရှင်များကို ထပ်မံအားဖြည့်ခေါ်ယူလျက်ရှိသည်။ အဆိုပါ ကုန်ထုတ်အင်အားစုများစုဆောင်းခြင်းသည် Kalashnikov ကုမ္ပဏီ၏ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ရန် မဟာဗျူဟာမြောက် ရည်မှန်းချက်ဖြစ်သည့်အပြင် ရှေ့တန်းစစ်ဆင်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် စဉ်ဆက်မပြတ် ပံ့ပိုးပေးနိုင်စေရန်လည်းဖြစ်ကြောင်း သိရသည်။

ရုရှား-ယူကရိန်းပဋိပက္ခတွင် KUB တိုက်ခိုက်ရေးဒရုန်းများ တိုးမြှင့်အသုံးပြုလာခြင်းသည် ရှေ့တန်းစစ်မြေပြင်တွင် တိကျပဲ့ထိန်းလက်နက်များ နည်းပညာဆိုင်ရာ တိုးတက်ဖွံ့ဖြိုးလာမှု၏အလှည့်အပြောင်းတစ်ရပ်ပင်ဖြစ်သည်။ “ကာမီကာဇီဒရုန်းများ”ဟု လူသိများသည့် ၎င်းဒရုန်းများသည် ရန်သူ့အခြေခံအဆောက်အအုံများနှင့် သံချပ်ကာယာဉ်များကို ပစ်မှတ်ထား တိုက်ခိုက်နိုင်သည့်အပြင် အဝေးမှ ထိန်းချုပ်လုပ်ဆောင်နိုင်သည့်အတွက် တပ်ဖွဲ့ဝင်များ၏ အသက်အိုးအိမ်စည်းစိမ်အန္တရာယ် နည်းပါးစေသည်။ အထူးသဖြင့် ရုရှားနိုင်ငံသည် ယူကရိန်းအရှေ့ပိုင်းဒေသများတွင် တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာသည်နှင့်အမျှ ယူကရိန်းနိုင်ငံ၏အခြေခံအဆောက်အအုံများကို ဖိအားပေးတိုက်ခိုက်မှုများ ပြုလုပ်ရန်အတွက် မဟာဗျူဟာမြောက် လိုအပ်ချက်များကို ဖြည့်ဆည်းရန် အဆိုပါဒရုန်းများကိုတိုးမြှင့်ထုတ်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

KUB ဒရုန်းများသည် ရန်သူ့နယ်မြေအတွင်းတွင် တစ်စင်းတည်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ တိုက်ပွဲဝင်ထိရောက်မှုကို ယူကရိန်းအထူးစစ်ဆင်ရေးနှင့် Kursk နယ်စပ်ဒေသတိုက်ပွဲများတွင် လက်တွေ့သက်သေပြနိုင်ခဲ့ပြီးလည်းဖြစ်သည်။ KUB ဒရုန်းသည် လေတိုက်နှုန်း တစ်စက္ကန့်လျှင် ၁၀ မီတာနှုန်းထိ ခံနိုင်ရည်ရှိကာ နေ့၊ ည မရွေး အသုံးပြုနိုင်မည်ဖြစ်သည်။ KUB ဒရုန်းများသည် အချိန်နှင့်တစ်ပြေးညီ စစ်ဆင်ရေးအခြေအနေများကို ချိတ်ဆက်ပေးပို့တိုက်ပွဲဝင်နိုင်စွမ်းရှိကာ ရှေ့တန်းစစ်မျက်နှာများတွင် နည်းဗျူဟာမြောက် တိကျစွာတိုက်ပွဲဝင်နိုင်စွမ်းရှိမည့် တိုက်စွမ်းအားအထောက်အပံ့ကောင်း တိုက်ခိုက်ရေးဒရုန်းအမျိုးအစား တစ်ခုပင်ဖြစ်ကြောင်း သိရသည်။

**Russia Increases Production of KUB-Guided Munitions Amid Growing Demand in Ukraine** ကို ဘာသာပြန်ဆိုထားပါသည်။

## အီရန်က Zoubin လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ဖြန့်ကြက်ချထားနိုင်ခဲ့

အီရန်နိုင်ငံသည် ပြည်တွင်းထုတ် အတိုးတက်ဆုံးသော လေကြောင်းရန်ကာကွယ်ရေးနည်းပညာများထဲမှ Zoubin လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်သစ်ကို မကြာသေးမီက ဖြန့်ကြက်ချထားနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီရန်၏ Zoubin လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ခေတ်သစ်စစ်ပွဲများတွင် အနိမ့်ပျံလေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ရန် အထူးဒီဇိုင်းထုတ်ထားသည်။ မြို့တော်တီဟီရန်နှင့် အခြားမဟာဗျူဟာမြောက်အချက်အချာဧရိယာများအနီးတွင် ဒရုန်းများ၊ ခရုဇ်ဒုံးကျည်များ၊ အမြောက်ကျည်များ၊ အနိမ့်ပျံတိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များကဲ့သို့သော ခြိမ်းခြောက်မှုများကို ခုခံကာကွယ်ရန်အဆိုပါ Zoubin လက်နက်စနစ်ကို ဖြန့်ကြက်ချထားခဲ့ခြင်းလည်းဖြစ်သည်။ Zoubin လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်သည် ဒေသတွင်းတင်းမာမှုများ မြင့်တက်လာခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုများကြားတွင် လေကြောင်းရန်ကာကွယ်ရေးနည်းပညာ၌ မိမိကိုယ်ကို အားကိုးနိုင်စေရန် အီရန်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို ထင်ဟပ်စေလျက်ရှိသည်။

Zoubin လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ခြောက်ဘီးယက်ထရပ်ကားပေါ်တွင် တပ်ဆင်ထားပြီး ပြောင်းလွယ်ပြင်လွယ်ရှိစွာ တပ်ဖြန့်နိုင်စွမ်းသည် ၃၆၀ ဒီဂရီပတ်လည် လွှမ်းခြုံကာကွယ်နိုင်စွမ်းနှင့် ပေါင်းစည်းပေးထားသည်။ အီရန်နိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းကထုတ်ပြန်သော နည်းပညာဆိုင်ရာ အချက်အလက်များအရ Zoubin လက်နက်စနစ်ရှိ ရေဒါသည် အကွာအဝေး ကီလိုမီတာ ၃၀ အတွင်းပစ်မှတ် ၁၀၀ ထိ တစ်ပြိုင်နက်ရှာဖွေ၊ထောက်လှမ်း၊ ခြေရာခံထိန်းကျောင်းနိုင်စွမ်းရှိပြီး ကီလိုမီတာ ၂၀ အတွင်း တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ Zoubin ဒုံးပစ်လောင်ချာယာဉ်တစ်စီးလျှင် ဒေါင်လိုက်ပစ်လွှတ်နိုင်သည့် ဒုံးပြွန်များ အသုံးပြုထားပြီး ဒုံးကျည် ရှစ်စင်းထိ တပ်ဆင်ထားနိုင်ကာ ပစ်မှတ်များစွာကို တစ်ပြိုင်နက်တည်း တုံ့ပြန်ပစ်ခတ်နိုင်သဖြင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်တွင် အရေးကြီးသောစွမ်းဆောင်ရည်မျိုးကို ပိုင်ဆိုင်ထားသည်။



Zoubin စနစ်၏ ဘက်စုံပစ်မှတ်ခြေရာခံခြင်းနှင့် လျင်မြန်သောတုံ့ပြန်မှုစွမ်းဆောင်ရည်များသည် အဆိုပါ စိန်ခေါ်မှုများကို ထိရောက်စွာတုံ့ပြန်တိုက်ပွဲဝင်နိုင်စေမည်ဖြစ်သည်။ ခရုဇ်ဒုံးကျည်များသည် အနိမ့်ပျံသန်းမှု၊ အလျင်နှုန်းမြင့်မားမှုနှင့် တိကျမှုတို့ဖြင့် တိုက်ခိုက်လာတတ်သည်ဖြစ်ရာ Zoubin လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်၏ အဆင့်မြင့်ရေဒါစနစ်နှင့် ဒေါင်လိုက်ပစ်လွှတ်နိုင်သည့်ဒုံးကျည်များသည် အဆိုပါခရုဇ်ဒုံးကျည်များ သက်ဆိုင်ရာပစ်မှတ်များဆီသို့မရောက်ရှိမီ ထောက်လှမ်းတွေ့ရှိပြီး ကြားဖြတ်ပစ်ချနိုင်မည်ဖြစ်သည်။

ထို့ပြင် Zoubin လက်နက်စနစ်သည် အနိမ့်ပျံသန်းခြင်းဖြင့် ရေဒါကိုရှောင်လွှဲပျံသန်းဝင်ရောက်လာလေ့ရှိသည့် ရဟတ်ယာဉ်များနှင့် အနိမ့်ပျံတိုက်လေယာဉ်များကို တိုက်ခိုက်နိုင်စွမ်းရှိသည်။ Zoubin လက်နက်စနစ်၏ ရေဒါနှင့် ဒုံးကျည်တို့၏ ထိရောက်အကွာအဝေးသည် အဆိုပါပစ်မှတ်များကို ထိရောက်စွာကာကွယ်နိုင်စေပြီး သမားရိုးကျ တာဝေးပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များအနေဖြင့် ကွက်လပ်ဖြစ်သွားနိုင်သည့် ဟာကွက်များကို ဖြည့်ဆည်းကာကွယ်ပေးနိုင်မည်ဖြစ်သည်။ အမြောက်ကျည်များနှင့်တာဝေးပစ်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်စွမ်းရှိသည့်အတွက် မြို့ပြဧရိယာများသို့ တိကျပဲ့ထိန်းလက်နက်များဖြင့် တိုက်ခိုက်လာမှု၊ အနီးကပ်တိုက်ခိုက်ရေးတွင် အသုံးပြုနိုင်သည့် အမြောက်၊ ဒုံးကျည်ရန်များကို ကာကွယ်ရန်အတွက် အရေးပါသည့် လက်နက်စနစ်မျိုးဖြစ်သည်။

အီရန်နိုင်ငံ၏ Zoubin လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အာရုံစိုက်လာမှုသည် နောက်ဆုံးပေါ် အနိမ့်ပျံလေကြောင်းခြိမ်းခြောက်မှုအန္တရာယ်များကို တန်ပြန်ရန် မဟာဗျူဟာမြောက် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ Zoubin လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်သည် အီရန်နိုင်ငံ လေကြောင်းရန်ကာကွယ်ရေးအခန်းကဏ္ဍ၏ အလိုအလျောက်တိုက်ပွဲဝင်နိုင်စွမ်းကို အဆင့်မြှင့်တင်ရန်နှင့် လေပိုင်နက်ကို အဆင့်မြင့်ခြိမ်းခြောက်မှုများမှကာကွယ်ရန် စဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိသည်ကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။

**Iran InroducesZoubin air defense missile system with 360° interception similar to Israel's Iron Dome** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ၂၄၀၂ ဧကထိ နုတ်သိမ်းပြီးစီး



**ဝက်လက် နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၂၄၀၂ ဧကထိနုတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် မြေပဲ ၃၇၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး၊ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ၂၄၀၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၁ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲ ၃၇၅၅ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ အခုလက်ရှိ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက၂၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုက တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ကြင်စန်းကပြောပြ၍ သိရသည်။

(၂၀၆)

# ခနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း မနောသုခဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ခနုဖြူ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း မနောသုခ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ခနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

ခနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ မနောသုခဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအမျိုးအစားဖြစ်ကြောင်း သိရသည်။

''အောက်တိုဘာလအတွင်း ခနုဖြူမြို့နယ်ကနေ မနောသုခဆန်အိတ်ရေ တော်တော်များများ ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ခနုဖြူမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်စျေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါပါတယ်။ မနောသုခဆန်ကို ရန်ကုန်စျေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြား ဆန်အိတ်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ မနောသုခဆန်က အရောင်းအဝယ် ပိုဖြစ်နေပါတယ်''ဟု ခနုဖြူမြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။



ခနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည် ဝင် ၁၀ အိတ်လျှင် ငွေကျပ် ၉၈၀၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်မျှောကြီးကျေးရွာနှင့် မကျီးပင်ဆိတ်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂ရက် နံနက်ပိုင်းက သစ်မျှောကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက သစ်မျှောကြီးကျေးရွာနှင့် မကျီးပင်ဆိတ်ကျေးရွာတို့ရှိ ကျေးရွာရပ်မိရပ်ဖများ၊ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက သစ်မျှောကြီးကျေးရွာနှင့် မကျီးပင်ဆိတ် ကျေးရွာများရှိ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၄၃ ဒသမ ၀၅သန်း ကိုလွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သစ်မျှောကြီးကျေးရွာနှင့် မကျီးပင်ဆိတ်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၂၂ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦး၁၀၀ကို ငွေကျပ် ၂၀ ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၀၅သန်း ထုတ်ချေးပေးခဲ့ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ပြောပြ၍ သိရသည်။ **ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်စျေးနှုန်းများ

၃-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်)ကျပ် | | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်)ကျပ် | | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၀ |

**(သာ စက်သုံးဆီဆိုင်၏ စျေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းစျေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



# ၂၀၁၄ ခုနှစ်မှ ယနေ့ထိ ဟိုတယ်စားပွဲထိုး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့်ဧည့်ကြိုအလုပ်အကိုင် သုံးမျိုးတွင် သတ်မှတ်အရည်အချင်းကိုက်ညီသူ ၁၄၈၅ ဦးကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၃**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် ညောင်ဦးသံတဲဝင်း ပျူစောထီးလမ်း အမှတ်(၃) ရပ်ကွက်ရှိ Sanon Assessment Center သို့ ရောက်ရှိပြီး ဟိုတယ်စားပွဲထိုး (Waiting Staff) Level-1 အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဟိုတယ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များ၊ တာဝန်ခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)အနေဖြင့် လုပ်သားထုကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှု"စံ"များရေးဆွဲခြင်း၊ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍ Level 1 အလုပ်အကိုင် ရှစ်မျိုး၊ Level 2 အလုပ်အကိုင် ရှစ်မျိုးနှင့် Level 3 အလုပ်အကိုင်နှစ်မျိုး စုစုပေါင်းအလုပ်အကိုင် ၁၈ မျိုးအတွက် ကျွမ်းကျင်မှုစံများအတည်ပြုထားပြီး ၂၀၁၄ ခုနှစ်မှယနေ့ထိ ဟိုတယ်စားပွဲထိုး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် ဧည့်ကြိုအလုပ်အကိုင် သုံးမျိုးတွင်သတ်မှတ်အရည်အချင်းကိုက်ညီသူ ၁၄၈၅ ဦးကို ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှု လုပ်ငန်းကဏ္ဍဆိုင်ရာ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးရန်နှင့် အသိအမှတ်ပြု လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိရာ Sanon Assessment Center အနေဖြင့် NSSAလုပ်ငန်းစဉ်တွင်စဉ်ဆက်မပြတ်ပါဝင် ဆောင်ရွက်ပေးရန်၊ ဟိုတယ်အလုပ်အကိုင်ဆိုင်ရာအလုပ်ရှာဖွေသူများအတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်မည့် ဟိုတယ်အလုပ်အကိုင်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းနှင့် အရည်အသွေးရှိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်နိုင်ရေး ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင်၍ စဉ်ဆက်မပြတ်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရေး အလေးထား ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

"ဒီနှစ်အတွက် တန်ဆောင်တိုင် ဆီမီး ၉၀၀၀ ထွန်းညှိပွဲတော်ကို မဟာအံ့ထူးကံသာ ပြည်ချစ်ဘုရားရဲ့ရင်ပြင်တော်မှာ ကျင်းပမှာ ဖြစ်ပါတယ်။ မီးပုံးပျံပွဲကတော့ ဘုရားကြီး မီးပုံးပျံကွင်းမှာ ကျင်းပမှာဖြစ်ပါတယ်။မီးထွန်းပွဲနဲ့အတူ မသိုးသင်္ကန်းရက်လုပ် ပြိုင်ပွဲလည်းပါမယ်။ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲက နိုဝင်ဘာ ၁၁ ရက်ကတည်းက စမှာပါ။ နိုဝင်ဘာ ၁၅ ရက် တန်ဆောင်မုန်းလပြည့်နေ့ မနက်မှာ မသိုးသင်္ကန်းကပ်လှူပူဇော်မှာဖြစ်ပါတယ်။ မီးပုံးပျံပွဲကလည်း အဖိတ်နေ့ကတည်းက နေ့လွှတ်ညလွှတ် မီးပုံးတွေနဲ့ စမှာပါ"ဟုမဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားဂေါပကအဖွဲ့ဝင် ဦးဝင်းမြင့်က ပြောပြသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်ပွဲနှင့် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲကာလအတွင်း ဘုရားရင်ပြင်တော်တွင် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲကျင်းပပြုလုပ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၅ နာရီတွင် ဗုဒ္ဓမြတ်စွာဘုရားအား မသိုးသင်္ကန်း ဆက်ကပ်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်း၌ ဘုရားရင်ပြင်တော်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ည ၆ နာရီတွင် မြို့ချစ်မီးပုံးပျံကြီးနှင့်အတူ ALL_FINE လူငယ် စိန်နားပန်မီးပုံးပျံ၊ရွှေဇီးကွက်အရုပ်မီးပုံးပျံတို့ကို မြောက်ဘက်မုခ်ရှိ ယာဉ်ရပ်နားကွင်းတွင် လွှတ်တင်ပူဇော်သွားမည်ဖြစ်ပြီး ပွဲတော်လာပြည်သူများကို ဧည့်ခံဖျော်ဖြေရေးအစီအစဉ်အဖြစ် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် ယိမ်းအကအလှများ၊ ရှမ်းအိုးစည်အဖွဲ့များနှင့် တိုးနရားအကများဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

**❖ ကျောဖုံးမှအဆက်**

ယနေ့တွင် အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀ (၁၀)တက်လှော် ဗိုလ်လုပွဲကိုယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက ပထမ ရွှေတံဆိပ်၊ ဟန်ဂေရီအသင်းက ဒုတိယ ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက တတိယ ကြေးတံဆိပ်တို့ ရရှိခဲ့ကြသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ အားကစားသမားများသည် အောက်တိုဘာ ၂၄ရက်မှ နိုဝင်ဘာ ၃ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichangမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခု ရရှိခဲ့ပြီး ယခု ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု ထပ်မံရရှိခဲ့သည့်အတွက် လက်ရည်စစ်ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ်သုံးခု ရရှိခဲ့ပြီးဖြစ်သည်။

လက်ရည်စစ် ပြိုင်ပွဲများဖြစ်သည့် အမျိုးသား (၁၀)တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား (၈)တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား၊အမျိုးသမီး (၈)တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား၊ အမျိုးသမီး (၁၀) တက်လှော် မီတာ ၂၀၀ နှင့် အမျိုးသား၊ အမျိုးသမီး (၁၀)တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲများတွင် အသင်း ၁၆ သင်းကို အုပ်စုလေးစုခွဲ၍ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်အဆင့်များထိ အဆင့်ဆင့်ယှဉ်ပြိုင်ကြရကြောင်း သိရသည်။

ယင်းပြိုင်ပွဲမှ အကောင်းဆုံးအသင်း ၁၂ သင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့၌ လာမည့် ၂၀၂၅ ခုနှစ် ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ ချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ မြန်မာလှေလှော် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နိုဝင်ဘာ ၁ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အုပ်ဆွဲအုပ်စု ဝန်တင်ဆိပ်ကျေးရွာချည်မျှင်ရှည်ဝါစိုက်ခင်းတွင် ဒေသခံဝါစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးဆွေးနွေးပြောကြားကာ ဝါစိုက်တောင်သူ ဦးထွန်းထွန်းနိုင်၏ ရာကာ(၆) သုံးလုံး ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် လျှော်ရွှေးလျှော်ထုတ်စက်ရုံကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ခေတ္တရာဟသ်ာကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ အဆောက်အအုံများနှင့် ထွန်စက်အရောင်းပြခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

နိုဝင်ဘာ ၂ ရက်တွင် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂) ဧည့်ခန်းမတွင် မွေးမြူရေးတောင်သူများ၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သူများကို တွေ့ဆုံ၍ တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးသည့် မွေးမြူရေးစနစ် ထွန်းကားလာစေရေး ဆွေးနွေးမှာကြားပြီး မွေးမြူရေးတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နွေစပါး၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံမြေပဲ၊ နှမ်း၊ နေကြာနှင့် ဝါသီးနှံစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ နို့စားနွား မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေမြေရာသီဥတု အခြေအနေပေးသော ဒေသများကို ရွေးချယ်ဆောင်ရွက်သွားရန် ကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်မြို့နယ် ရွှေမြင့်မိုရ်နို့စားနွားခြံ၏ နို့စားနွားမွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက်ရှိ ငွေစင်ပုလဲကုမ္ပဏီ၏ နို့စုဆောင်းနေမှုနှင့်ရွှေတောင်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်သော စပါးမျိုး ၁၂ မျိုး ယှဉ်ပြိုင်စိုက်ကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပေါင်းတည်မြို့နယ် နတ်မော်ရွာမင်းသားကြီး တိုင်းရင်းကြက်မွေးမြူရေးနှင့် ကြက်သားဖောက် ဖြန့်ချိရေးလုပ်ငန်း၊ နတ်တလင်းမြို့နယ် ကြက်ခတ်ဝါးရုံကျေးရွာ YSR-1 ဧက ၃၀ မျိုးသန့်မျိုးပွား စံပြကွက်နှင့် ကြို့ပင်ကောက်မြို့၊ လက်ပံတန်းမြို့၊ သာယာဝတီမြို့တို့ရှိ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဟိုပုံးမြို့နယ် တီဟေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေး



**ဟိုပုံး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပထမအကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကုန်းကျိုင်းကျေးရွာအုပ်စု တီဟေးကျေးရွာ၌ တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က တီဟေးကျေးရွာရှိရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်လှယမင်းဌေးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၉၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တီဟေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူများကို အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၉၇ သိန်းအား အသင်းသား၊ အသင်းသူများ၏ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် အသီးသီး ထုတ်ချေးပေးခဲ့ကြောင်း ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးဦးစိုးလွင်မြင့်၏ ပြောပြချက်အရ သိရသည်။

**ကာရံ(ကျေးလက်)**

## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ အချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့)မြေမြှုပ်ခြင်း များပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၅၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၁၀ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၅၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်ထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ၀၉၄၃၀၆၇၁၆၈၊ ၀၉၄၄၃၁၉၀၁၉၃ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒသြဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော် အပါး ၁၆၀၊ အာဂုံပြန်စာရင်းသွင်းသံဃာအပါး၂၇၀၊ သဘောရေးဖြေစာရင်းသွင်းသံဃာ ၂၃၈ ပါး စုစုပေါင်း ၆၈၉ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက် (သောကြာနေ့)မှ ဒီဇင်ဘာ ၈ ရက် (တနင်္ဂနွေနေ့)ထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း သို့မဟုတ် ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပြီး အဘိဓမ္မာ(ရိုးရိုး)အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း သို့မဟုတ် ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံးအပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(ယမန်နေ့မှအဆက်)

**သ**ကို ကု**သ**၊ ပို့**သ**၊ ပိုင်**သ** တို့အပြင် ဆက်**သ**၊ နှံ**သ**၊ နှင်း**သ**၊ ပ**သ** ဟူ၍လည်းကောင်း၊ ပီ**သ**၊ ပြ**သ** ဟူ၍လည်းကောင်း သုံးနှုန်းကြသည်ကို ထောက်လျှင် သ၏ အနက်သည် ဆက်စပ်ပေါင်းစည်းဖြစ်ကြောင်း ထင်ရှားသိသာပါသည်။ **သ**ကို ဆက်၊ ကု၊ ပို့၊ ပိုင်၊ နှံ၊ နှင်း၊ ပတို့နှင့် တွဲယှဉ်၍ သုံးကြရာတွင် ဆက်နှင့်အများဆုံး တွဲပြီးသုံးသဖြင့် သ၏ အဓိပ္ပာယ်သည် ဆက်နှင့် ထပ်တူကျနေသည်ကို တွေ့ရပါမည်။ ထို့အတူပင် ပို့နှင့်တွဲ၍သုံးသဖြင့် **သ**၏အနက်သည် **ပို့**နှင့်အနက်တူသည်ဟုပင် ထင်မှတ်ရပေသည်။ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “**ပို့**သသည်ဟူသော အရာ၌ **ပို့**သည်ကိုပင် **သ**သည်ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ပရိယာယ်တူအနက်ဖြစ်၏”ဟု မိန့်ဆိုခဲ့ပါသည်။

**သ** ၏ တိုင်သံတစ်ခုမှာ **သတ်**ဖြစ်သည်။ **သတ်**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် **သတ်**၊ ကြိ– ၁၊ သေအောင်ပြုသည်။ ၂၊ ငြိမ်းစေသည်။ “မီးသတ်သည်။” ၃၊ မူလဓာတ်အခိုးအနံ့စသည်ကို ပြယ်အောင်ပြုသည်။ “ဆီသတ်သည်။” ၄၊ ဗျည်းအက္ခရာ တစ်ခုခုတွင် သရသံမရှိကြောင်း တံခွန်အမှတ်ပြုသည်။ ၅၊ ရန့်စွဲစေသည်။ “စံပယ်နံ့သတ်သည်။” ၆၊ ရိုက်နှက် ထိုးကြိတ်လုံးထွေးသည်။ ၇၊ ကန့်သတ်ပိုင်းခြားသည်။ “ရက်သတ်သည်။ စည်းကမ်းသတ်သည်။” ဟု ပြထားပါသည်။ အားလုံး၏ အနက်ရင်းမှာ ပေါင်းစည်းခြင်းပင်ဖြစ်သည်။

ထင်ရှားသော သာဓကပြရလျှင် “ရန့်စွဲစေသည်” ဟုဆိုရာ၌ စံပယ်နံ့**သတ်**သည်ကို သာဓကပြထားသည်။ စံပယ်နံ့**သတ်**သည် ဆိုသည်မှာတစ်စုံတစ်ရာတွင် အမွှေးရနံ့ဖြစ်သော စံပယ်နံ့ကို စွဲစေအောင်၊ ထုံအောင်ပြုခြင်းပင် ဖြစ်သည်။ စံပယ်နံ့ စွဲအောင်၊ မြဲအောင် စံပယ်နံ့ထုံအောင် ပေါင်းစည်းခြင်းပင်ဖြစ်သည်။

အားလုံးကိုချုပ်၍ ဆိုရသော် သ၊ သက်၊ သတ်၊ သပ် တို့၏ အနက်ရင်းသည် ပေါင်းစည်းခြင်းပင်ဖြစ်သည်။

### ဟ

**ဟ**၏အနက်လည်း‘ပေါင်းစည်းခြင်း’ပင်ဖြစ်သည်။မြန်မာအဘိဓာန်တွင် **ဟ**၏ အဓိပ္ပာယ်ကို ကြိယာအဖြစ် ၁၊ မစေ့။ လပ်သည်။ ၂၊ စေ့နေသောအရာကို လှပ်သည်။ ဖွင့်သည်။ ၃၊ ထုတ်၍ပြောဆိုသည်။ “တစ်ခွန်းမျှမဟာနှင့်”ဟူ၍ ဖွင့်ဆိုထားပါသည်။ **လပ်**သည်၊ **လှပ်**သည်၊ **ပြော**သည်ဟု ဆိုလိုပါသည်။

အရာဝတ္ထုနှစ်ခုသည် တစ်ခုနှင့်တစ်ခု မစေ့မစပ်မထိဘဲရှိလျှင်လည်းကောင်း၊ အရာဝတ္ထုတစ်ခုတည်းတွင်ပင် အက်ကြောင်းကွဲကြောင်းကြောင့် မစေ့မစပ်ဘဲရှိလျှင်လည်းကောင်း ဟာသည်ဟု ဆိုသည်။ ဤတွင် ဟာသည်ဟုဆိုလျှင် အရာဝတ္ထုနှစ်ခုရှိနေမည်။ သို့မဟုတ် အရာဝတ္ထုတစ်ခုတည်းသည်ပင် တစ်ခြမ်းနှင့်တစ်ခြမ်းကွဲသို့ နှစ်ကွဲနှစ်ခြမ်းဖြစ်နေမည်ဖြစ်သည်။ တစ်နည်းဆိုသော် နှစ်ခု၊ နှစ်ကွဲကို မစေ့ခြင်း၊ ဟခြင်းဖြင့် ဆက်သွယ်ပေးခြင်း ပေါင်းစည်းပေးခြင်းဖြစ်သည်။

**ဟ** သည်ဆိုသောစကားတွင် သုဒ္ဓနက် ကာရိုက်နက်ဟု နှစ်နက်ရှိသည်။ တံခါး**ဟ**နေသည်ဟုဆိုလျှင် တံခါးလပ်နေသည်။ ပွင့်နေသည်ဟူသော သုဒ္ဓနက်ဖြစ်၍ တံခါးကို**ဟ**လိုက်ပါဟုဆိုလျှင် တံခါးလှပ်လိုက်ပါ။ ဖွင့်လိုက်ပါဟု ကာရိုက်နက်ဖြစ်သည်။

စင်စစ်**စေ့**ခြင်း **ဟ**ခြင်းသည် ပေါင်းစည်းလျက်ရှိနေသည်။ စေ့ခြင်းရှိမှသာ ဟခြင်းရှိ၍ ဟခြင်းရှိမှသာလည်း စေ့ခြင်းရှိနိုင်ပေသည်။ စေ့ခြင်းနှင့် ဟခြင်းတို့သည် ပေါင်းစည်းလျက်ရှိနေသည်။

**ဟ**၏ အနက်တစ်ခုမှာ ပြောဖြစ်သည်။ လူတို့ပါးစပ်ဟခြင်းသည် နှုတ်မှ အသံထွက်ပေါ် လာစေသဖြင့် **ဟ**သည်ဟုဆိုလျှင် ပြောသည်ဟု အဓိပ္ပာယ်ရသည်။ ရှေးအခါကသော် ပွက်နှင့်တွဲ၍ ပွက်ဟဟု သုံးနှုန်းလေ့ရှိသည်။ ပွက်ကလည်း ပေါ်ထွက်စေသည့်သဘော ဟကလည်း ပေါ်ထွက်စေသည့်သဘော ဖြစ်သဖြင့် ပွက်နှင့်ဟကို တွဲဖက်၍ **ပွက်ဟ** ဟုဆိုသည်။ ယခုအခါ ဟကို မနှင့်ဖလှယ်၍ **မွက်ဟ**ဆိုသည်။ တစ်ဖန် မွက်ဟတွင် ရရစ်ထိုး၍ **မြွက်ဟ**ဟု ရေးကြသည်။ **မြွက်ဟ**ကို မြန်မာအဘိဓာန်က “ထုတ်ဖော်ပြောဆိုသည်”ဟု အဓိပ္ပာယ်ဖွင့်သည်။ ထုတ်ဖော်မပါဘဲ ပြောသည်ဟုလည်း အဓိပ္ပာယ်ဖွင့်နိုင်ပါသည်။

**ဟ**၏ တိုင်သံတစ်ခုမှာ **ဟက်** ဖြစ်သည်။ **ဟက်**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် “ကြိ– ၁၊ ခားစသည်ဖြင့် ခွဲဖြတ်ဖွဲ့ခွာသည်။ ဟအောင် လုပ်သည်။ သလိပ်ကို အပြင်သို့ထွက်လာအောင် လေအားဖြင့် ခတ်ထုတ်သည်”ဟု ဖွင့်ဆိုထားပါသည်။ စင်စစ် **ဟ**နှင့် **ဟက်**သည် အနက်တူ၍ **ပွင့်**၊ **ဖွင့်** ဟူသော အနက်ရှိသည်။ ပွင့်လျက်အနေအထားကို ဟက်လက်၊ ဟင်းလင်း၊ ဟာလာ ဟု ဆိုသည်။ ဘာမျှ အဆီးအတားမရှိ ပွင့်လင်းနေသည့်သဘောပင်။ မကွဲမပြားမခွဲမခြားတစ်ပြင်တည်း ပေါင်းစည်းနေသည်ဟု ဆိုလိုသည်။ ငါး၏ အသက်ရှူရာ အင်္ဂါအစိတ်အပိုင်းကို ပါးဟက်ဟု ခေါ်သည်မှာလည်း ငါး၏ ပါးတွင် ဟက်ထားသကဲ့သို့သော၊ ဟနေသော၊ ဟစေ့ဟစေ့ဖြစ်နေသော နေရာဖြစ်သည်။

**ဟ**၏ တိုင်သံတစ်ခုမှာ **ဟပ်** ဖြစ်သည်။ **ဟပ်**၏အနက်လည်း ပေါင်းစည်းပင်ဖြစ်သည်။ **ဟပ်**ကို မြန်မာအဘိဓာန်တွင် “**ဟပ်**၊ ကြိ– အရာဝတ္ထုနှစ်ခုကို မျက်နှာချင်းဆိုင် ပူးကပ်သည်။ ၂၊ ပါးစပ်၊ နှုတ်သီးဖြင့် ဖမ်းကိုက်သည်။ ၃၊ မျက်နှာချင်းဆိုင်ရှိ အရာဝတ္ထုကို အရောင်အလင်းစသည် ထိခတ်သည်။ ၄၊ လိုက်ဖက်သည်။”ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ **ဟပ်** အဓိပ္ပာယ်လေးခုစလုံး၏ အရင်းခံအနက်သည် ပေါင်းစည်းခြင်း ဖြစ်သည်။ ဟပ်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ထို၌ဟပ်သည်ဟူသော ဝေါဟာရသည် ထိခိုက်ပူးယှဉ်အပ်သော အရာဝတ္ထုနှစ်ခုတို့၏ ယှဉ်ကပ်ခြင်းအနက်ဖြစ်၍ အဝတ်အထည်စသည် ထိခိုက်ပူးယှဉ်ခြင်း၊ သစ်ကျားစသည်တို့၏ ခံတွင်းနှင့် ကိုက်ခဲအပ်သော တိရစ္ဆာန်တို့၏ ကိုယ်နှင့် ထိခိုက်ခြင်း ယင်းသို့ စသည်ဖြင့် ဝတ္ထုနှစ်ရပ် ယှဉ်စပ်ခြင်း အနက်ထင်အောင် ယူကောင်းအံ့သို့ရှိ၏”ဟု မိန့်ဆိုခဲ့ပါသည်။

ဤတွင် ဟပ်သည် ဆိုသည် ကိုက်ခဲမည့် ပါးစပ်၊ နှုတ်သီးဖြင့် အကိုက်ခံအရာဝတ္ထု သာမန်ထိခတ်ရုံမဟုတ်ဘဲ နှုတ်သီး၊ ပါးစပ်ကို ဟ၍ ကိုက်သည်ဟူ၍ ယူဆရပေမည်။

### ဠ

ဠသည် မြန်မာဘာသာစကားတွင် အနက်မရှိပါ။ အနက်မရှိသဖြင့် အဓိပ္ပာယ်မရှိပါ။ သို့ရာတွင် မြန်မာဘာသာစကား၊ မြန်မာစာပေတွင် ဠ ဖြင့် ရေးရသော ဝေါဟာရများကို တွေ့နေရပါသည်။

ထိုဝေါဟာရများသည် မြန်မာဘာသာစကားများ မဟုတ်ကြပါ။ ပါဠိဘာသာ၊ သက္ကတဘာသာ စသော ဘာသာစကားများကို မွေးစားထားသော ဝေါဟာရများသာ ဖြစ်ကြပါသည်။

**သာဓက**။ ။

**ဂဠုန်**၊ န– ငှက်တို့၏မင်း၊ နဂါးတို့၏ရန်သူ ဖြစ်သည်ဆိုသော ကျမ်းဂန်လာ ငှက်ကြီး။ [ပါ၊ ဂရုဠ]

**ရူဠီ**၊ န– တွင်နေသော အခေါ်အဝေါ်။ [ပါ၊ ရူဠီ]

**သီဟိုဠ်ကျွန်း**၊ န– အိန္ဒိယပြည် တောင်ဘက်ရှိ လင်္ကာဒီပခေါ်သော ကျွန်း။ [ပါ၊ သီဟဠ+မြန်၊ ကျွန်း]

(ဆက်လက်ဖော်ပြပါမည်)

# မအူပင်မြို့နယ်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး

မအူပင် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မအူပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(နေပြည်တော်)မှ ဦးကျော်ကျော်ထွေး အင်ဂျင်နီယာချုပ် (မြို့ပြ) လာရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းကြည့်ရှု စစ်ဆေးရာတွင် မအူပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများကို ဆောလျင်စွာနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အင်ဂျင်နီယာချုပ်(မြို့ပြ) နှင့်အဖွဲ့သည် မအူပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေလဲကလေး-မလောင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဝိသကြုံကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော မအူပင်ခရိုင်ရုံးအဝင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် မင်းခန့်ရောကုမ္ပဏီက ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စည်ပင်ကုန်း-ဘုရားကုန်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို သွားရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မအူပင်ခရိုင်၊လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်မအူပင်မြို့နယ်ဦးစီးအရာရှိ



(မြို့ပြ)(တာဝန်)က လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ် (မြို့ပြ)က လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီစေရေးအလေးထား ဆောင်ရွက်သွားရန်နှင့်လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ
# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




အခြေခံပညာ(၁၅-၂၀) (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်မှ မမိုမိုမင်းဦး(ခ)ဖြူလုံးနှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမျိုးကို "ညာသပြေဘောင်" (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅) (အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မောင်နိုင်ဇော်လင်း "လူမနေ့ာ" (ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ မကွေးတိုင်းဒေသကြီးမှ ဦးစည်သူဟိန်း "အတိုင်းမသိ" (ဘွဲ့) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅) (အမျိုးသား) ပလွေပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းဝေဇော် "ဇေယျာမြို့" (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲလင်းဗိုလ် "ညင်းညင်း" (မွန်) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




အခြေခံပညာ(၁၀-၁၅) (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မဆုစန္ဒီထွန်း "ဇေယျာမြို့" (ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅) (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မချစ်ပြည့်ခိုင်(ခ)ကောင်းကင်ဗိုလ် "မင်္ဂလာသီရိ" (ဘွဲ့)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀) (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းမြတ်ကျော် "မြိုင်ယံရွှေလျှံ" (ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မရွှန်းလဲ့မေ(ခ) လဲ့ရည်ဝင်း "မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀) (အမျိုးသား) တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဝဿန် "မှန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၅-၂၀) (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကို "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ









**နေပြည်တော် နိုဝင်ဘာ ၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၂၉၆၆၅၇၄ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၆၉၃၅၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၆၆၀၀၇၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပင်းတယ-အောင်ပန်းလမ်းပိုင်းရှိ ပွေးလှကျေးရွာ ရွာငံလမ်းခွဲအနီး၌ ရွာငံမြို့မှ မန္တလေးမြို့သို့သွားရောက်မည့်မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၂ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၈၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck သုံးစီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၈၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






ထို့အတူ နိုဝင်ဘာ ၂ ရက်နှင့် ယနေ့တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Corwn မော်တော်ယာဉ် တစ်စီးနှင့် JAC Truck မော်တော်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၉၃ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၁၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၃၁ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၆ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၄၅၉၅၂၆၆ ကိုဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ye Htet Naing” Facebook အကောင့်နှင့် “Ye Htet” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ခြောက်မိုင် ကွဲခြံကုန်းရပ်ကွက်နေ ရဲထက်နိုင်(ခ) အိုဝိုက်စ်နှင့် တစ်ရပ်ကွက်တည်းနေ “Min Htet Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မင်းထက်နိုင် (ခ) ကေကဘားတို့ကို ညနေ ၅ နာရီခွဲတွင် မြိုင်သာယာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

(၃-၁၁-၂၀၂၄)

မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကျွန်းသားငမန်း

# တန်ဆောင်မုန်းလနှင့် ကထိန်ပွဲတော်

ဝါလကင်းလွတ်သီတင်းကျွတ်ခဲ့ပြီ။ ဝါတွင်းသုံးလကာလပတ်လုံး ဗုဒ္ဓဘာသာဝင်မြန်မာများအနေဖြင့် ဘုရားကျောင်းကန်များ သွားရောက်ကာ ဥပုသ်၊ သီလဆောက်တည်ပြီး လောကီအညစ်အကြေးများကို စောကြောဆင်ခြင်ခြင်း၊ ပြုပြင်ခြင်းဖြင့်ကုသိုလ်အမှု၌ထုံမွမ်းကာ စိတ်၏ဖြူစင်ခြင်းဖြင့်ဝမ်းမြောက်ဝမ်းသာပီတိဖြာလျက်ရှိနေကြသည်။ တစ်ဆက်တည်းပင် နောင်သံသရာအကျိုးကိုမျှော်ကိုးလျက် ကထိန်၊ ရဟန်းခံ၊ ရှင်ပြု အစရှိသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်နေကြသည်။

မြန်မာနိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် အိုးစည်ဗုံမောင်းသံတညံညံ၊ ကုသိုလ်အမျှပေးဝေငှသံများနှင့် ကောင်းချီးအနုမောဒနာ သာဓုခေါ်သံများ လွှမ်းမိုးနေသော အချိန်အခါကာလလည်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင် အများဆုံးနေထိုင်သောနိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာအထွန်းကားဆုံးနိုင်ငံလည်းဖြစ်သည်။ ဗုဒ္ဓသာသနာ အထွန်းကားဆုံးနိုင်ငံတွင် ဘုရား၊ တရား၊ သံဃာ တည်းဟူသောရတနာသုံးပါးအပေါ် ယုံကြည်ကိုးကွယ်မှု ထုံမွမ်းလျက်ရှိနေကြသည်။ ရဟန်းသံဃာများသည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားဒေသနာများကို ထိန်းသိမ်းသယ်ဆောင် ဝေငှပေးတတ်သည့် မြတ်သောပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဗုဒ္ဓသာသနာတော်ကို ယုံကြည်သက်ဝင်သော တပည့်သားမြေးဒါယကာ၊ ဒါယိကာမများကို-

(၁) မကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို မပြုလုပ် မကြံစည်နိုင်အောင် တားဆီးပိတ်ပင်ပေးရခြင်း၊

(၂) ကောင်းသောအမှုအရာနှင့် သုစရိုက်မှုတို့ကို ပြုလုပ်ကျင့်ကြံနိုင်ရန် ညွှန်းလှစ်၍ပြရခြင်း၊

(၃) အသစ်အသစ်သော တရားတို့ကို ဟောကြားရခြင်း၊

(၄) မကြားဖူးသောတရားတို့ကို တစ်ဖန်ထပ်မံ၍ သိနိုင်ရန်၊ သတိရနိုင်ရန်၊ မမေ့နိုင်ရန်အတွက် ဟောပြောပေးရခြင်း၊

(၅) မိမိတို့ဒါယကာ၊ ဒါယိကာမများကို အယုတ်ဆုံး နတ်ပြည်လောက်တော့ရောက်အောင် ဆောင်ရွက်ပေးရခြင်း၊

(၆) မိမိအပေါ်ကျေးဇူးရှိ ဒါယကာ၊ ဒါယိကာမများကို မေတ္တာတရားပွားများပေးရခြင်း

ဟူသည့်ရဟန်းတို့၏ ကျင့်ဝတ်ခြောက်ပါးနှင့်အညီ ပြောဆိုဆုံးမကာ ဆင်းရဲကိုပယ်ဖျောက်တားမြစ်၍ စီးပွားချမ်းသာကို ဆောင်တတ်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။

ထို့ကြောင့် ရဟန်းသံဃာများသည် မြတ်စွာဘုရားရှင်၏ကိုယ်စား ဆည်းကပ်ကိုးကွယ်ရာပုဂ္ဂိုလ်များလည်းဖြစ်ကြသည်။ ထို့ကြောင့်ပင် ဗုဒ္ဓဘာသာဝင်များသည် မြတ်စွာဘုရား၏ တပည့်သား အရိယာသံဃာတော်နှင့် အရိယာနွယ်ဝင်သံဃာတော်တို့ကို ပစ္စည်းလေးပါးဖြစ်သော ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ကျောင်း စသည်များကို ပေးလှူဆက်ကပ်ကာ ကုသိုလ်ပွားများလျက်ရှိနေကြသည်။

**ကထိန်အလှူဖြစ်ပေါ်လာခြင်းအကြောင်း**

ဤသို့လှူဒါန်းရာ၌ ဘုရားမှာစိန် (စိန်ဖူးတော်)၊ ကျောင်းမှာ သိမ်၊ အလှူမှာ ကထိန်၊ ဆွမ်းမှာပိဏ်ဍပါတ်ဟု စကားနှင့်အညီ ကထိန်သင်္ကန်း ကပ်လှူသူတို့သည် အမြတ်တနိုးထားကာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းဖြင့် အလှူဒါနများ ပြုလုပ်ကုသိုလ်ယူတတ်ကြသည်။ အချိန်ကာလသတ်မှတ်လှူဒါန်းရခြင်းဖြစ်သဖြင့် ကာလဒါနကုသိုလ်လည်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဘာသာရေးဆိုင်ရာအလှူပွဲတစ်ခုလည်းဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လတာကာလအတွင်း မြန်မာနိုင်ငံရှိ ဒေသအသီးသီးတို့တွင် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိနေကြသည့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၏ မူလအစဖြစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်စဉ်က ကောသလမင်းကြီးနှင့် ညီနောင်များဖြစ်ကြသော ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည် မြတ်စွာဘုရားရှင်အားဖူးမြော်ရန် ပါဝေယျတိုင်းမှလာခဲ့ကြရာ ဝါဆိုကာလရောက်လာသဖြင့် လမ်းခရီးကြားရှိ သာကေတမြို့၌ အရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံ့သုကူဓုတင်၊ တေစီဝရိက်ဓုတင်တို့ကို ဆောက်တည်ကာ ဝါဆိုဝါကပ်ခဲ့ကြရသည်။ မိုးလွန်၍ ဝါကျွတ်သည့်အခါ ပဝါရဏာပြု၍ ရွှံ့ညွန်နှင့် မိုးရေတို့ကြားမှပင် မြတ်စွာဘုရားထံ ပင်ပန်းစွာ ရောက်ရှိလာကြသည်။ မြတ်စွာဘုရားရှင်သည် ဓုတင်ဆောင်ရဟန်းတို့၏ ပင်ပန်းဆင်းရဲခြင်းကို မြင်တော်မူပြီးနောက် ရဟန်းတော်များ၏ အခက်အခဲကိုရှေးရှုပြီး မြတ်စွာဘုရားရှင်က ဝါတွင်းကာလအပြီး ဝါဆိုသောရဟန်းတို့ကို ကထိန်ခင်းခြင်း ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။ ဆိုရလျှင် မြတ်စွာဘုရားရှင်လက်ထက် ပါဝေယျရဟန်းတော် ၃၀ ကို အကြောင်းပြု၍ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ကထိန်ဟူသောဝေါဟာရသည် ပါဠိဘာသာအားဖြင့် ကထိနမှဆင်းသက်လာခြင်းဖြစ်ကာ အနက်အဓိပ္ပာယ်အားဖြင့် "မြဲမြံခိုင်ခံ့ခြင်း"ဟူ၍ဖြစ်သည်။ ကထိန်အလှူရရှိတော်မူသော ရဟန်းတို့သည် မြဲမြံခိုင်ခံ့သည့်အကျိုးထူးငါးပါးကို ရရှိတော်မူခြင်းကြောင့် ကထိန်ဟု ခေါ်ခြင်းဖြစ်သည်။ ဤအကျိုးထူးငါးပါးကိုလည်း ကထိန်ခင်းသောကျောင်းတိုက်နေ ပုရိမဝါမှ ထွက်လာတော်မူသော ရဟန်းတော်များသာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့ထိ ကထိန်အကျိုးထူးငါးပါးကို ရရှိတော်မူခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်က ကထိန်ခင်းခြင်း၊ ကထိန်၏အကျိုးထူးနှင့်ပတ်သက်၍ "ရဟန်းတို့ ဝါဆို၊ ဝါကပ်ပြီး ဝါကျွတ်သောရဟန်းတို့ကို ကထိန်ခင်းခြင်း ခွင့်ပြု၏။ ကထိန်ခင်းပြီးသောရဟန်းတို့ကို ထင်ရှားစွာရှိသောရဟန်းကို မပန်မကြားဘဲ ဒါယကာအိမ်သို့သွားနိုင်ခြင်း၊ တေစီဝရိက်အဓိဋ္ဌာန်တင်သော သင်္ကန်းကိုမယူဘဲသွားနိုင်ခြင်း၊ ဂဏဘောဇဉ်ကို သုံးဆောင်နိုင်ခြင်း၊ အဓိဋ္ဌာန်ဝိကပ္ပနာမပြုသော သင်္ကန်းကို အလိုရှိတိုင်းဆောင်နိုင်ခြင်း၊ ထိုကထိန်ခင်းသောကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသောရဟန်းတို့အားဖြစ်ရခြင်းဟူသော ငါးပါးသော အာနိသင်ကိုရကုန်၏"ဟူ၍ မိန့်ကြားတော်မူခဲ့သည်။ ကထိန်၏အကျိုးကို ရဟန်းတော်တို့ရရှိသည့်နည်းတူ လှူဒါန်းသူဒါယကာ၊ ဒါယိကာမတို့လည်း ရရှိကြသည်။ ကထိန်ဒါနပြုကြသူတို့မှာ လိုရာခရီးသို့ အပိတ်အပင်အတားအဆီးမရှိ ဘေးရန်ကင်းကွာ၊ ချမ်းသာစွာ သွားရောက်နိုင်ခြင်း၊ မိမိတို့ပိုင်ဆိုင်သော ဥစ္စာများ ရပ်ဝေး၌သိမ်းထားစေကာမူ ဘေးမသီရန်မခခြင်း၊ ကောင်းမွန်သည့် အစာအာဟာရကိုစားပြီး အစာမှအဆိပ်မသင့်နိုင်ခြင်း၊ ရောက်ရာဘဝတွင် စည်းစိမ်ချမ်းသာပေါများ ကြွယ်ဝခြင်း၊ ဖြစ်ပေါ်လာသည့်စီးပွားဥစ္စာခိုင်မြဲခြင်း စသည့်အကျိုးကျေးဇူးများကိုလည်း ကထိန်အလှူရှင်တို့ ရရှိခံစားနိုင်ကြသည်။

ကထိန်အလှူတော်သည် သံဃာ့ဂုဏ်တော်တို့ကို အာရုံပြု၍ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲကင်းကင်းဖြင့် သဒ္ဓါရှင်လန်းစွာ လှူဒါန်းရသော အလှူတစ်ခုဖြစ်ပြီး အလှူခံပုဂ္ဂိုလ်နှင့် အလှူရှင်တို့ နှစ်ဦးနှစ်ဖက်အကျိုးထူးသော အလှူလည်းဖြစ်သည်။

**ကာလဒါနအလှူ**

ကထိန်အလှူတော်သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိသာ တစ်လတာအတွင်း ပြုလုပ်ရသောအလှူတော်ဖြစ်သည်။ ကထိန်အလှူခံရသော ပုဂ္ဂိုလ်သည် ကထိန်သင်္ကန်းကို ယနေ့အလှူခံပြီး ယနေ့ပင် ကံဆောင်ကာ ခင်းရသည်။ အလှူရှင်က သဒ္ဓါဖြင့် လှူဒါန်းသော သင်္ကန်းကိုသာ ကထိန်ခင်းထိုက်ပြီး ရဟန်းက ဥပါယ်တံမျဉ်ဖြင့် သင်္ကန်းကို အလှူမခံရခြင်း၊ သင်္ကန်းမှလွဲ၍ အခြားပစ္စည်းများဖြင့် ကထိန်မခင်းနိုင်ခြင်း၊ ကထိန်ခင်းသော ရဟန်းတော်သည် ဝါဆို၊ ဝါကပ်ရာ၌ ဝါကျိုးပေါက်ခြင်းမရှိရခြင်း စသည့်ကန့်သတ်ချက်များရှိသည်။ ကထိန်ပွဲသည် ထူးခြားလေးနက်သော ဝိနည်းပိဋကတ်အရ အလေးအမြတ်ပြုအပ်သော သာသနာတော်ဆိုင်ရာ အလှူပွဲတော်တစ်ခုဖြစ်ပြီး ကာလကန့်သတ်ချက်လည်းရှိသဖြင့် ကာလဒါနတစ်ခုလည်းဖြစ်သည်။

ကထိန်သင်္ကန်း လှူဒါန်းသောအလှူရှင်တို့မှာ မျက်မှောက်ဘဝတွင်လည်း အကျိုးအာနိသင်ငါးရပ်ကို ရရှိနိုင်သည့်အပြင် နောင်သံသရာတွင်လည်း အရဟတ္တဖိုလ်ပေါက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်ထိ အကျိုးထူးရရှိနိုင်သည့် ထူးကဲမွန်မြတ်လှသော အလှူတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့်ပင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို တစ်ဦးချင်းသာမက စုပေါင်းလှူဒါန်းကုသိုလ်ယူခြင်း(စုပေါင်းဘုံကထိန်)များကို တွေ့မြင်နေရသည်။

မြန်မာနိုင်ငံသားတို့သည် ဗုဒ္ဓ၏အဆုံးအမဖြင့် ယဉ်ပါးကျွမ်းဝင်နေကြသူများဖြစ်ကြသည်။ ဗုဒ္ဓ၏အဆုံးအမဖြင့် မိမိတို့၏ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု စသည့်မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများကို ကောင်းစွာစောင့်ထိန်းလိုက်နာနေကြသူများဖြစ်ကြသည်။ ဘာသာတရား၏ အဆုံးအမအောက်တွင် မြန်မာနိုင်ငံသားပြည်သူတစ်ရပ်လုံး စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ကြသူများဖြစ်ကြသည်။ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုကိုဖြစ်စေပြီး ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများကို စောင့်ထိန်းစေကာ အမျိုးသားရေးအင်အားစုကြီးတစ်ရပ်ကို ခိုင်ခိုင်မာမာ ဖြစ်ထွန်းရပ်တည်နေစေသော ဘာသာလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်သည် နေလိုလလိုထွန်းပလျက်ရှိသည်။ ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူများမှာလည်း နောင်သံသရာအကျိုးကိုမျှော်ကိုးလျက် ကထိန်၊ ရဟန်းခံ၊ ရှင်ပြု အစရှိသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်နေကြသည်။ တန်ဆောင်မုန်းလသည် မြန်မာနိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် အိုးစည်ဗုံမောင်းသံတညံညံ၊ ကုသိုလ်အမျှပေးဝေငှသံများနှင့် ကောင်းချီးအနုမောဒနာသာဓုခေါ်သံများ လွှမ်းမိုးနေသောအချိန်လည်းဖြစ်သည်။ ထို့ကြောင့် တန်ဆောင်မုန်းလကာလသည် မြန်မာနိုင်ငံအတွက် မင်္ဂလာရှိသော အချိန်ကာလပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- **နိုင်ငံတော်ဩဝါဒါစရိယ၊ မြန်မာစာဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထီးချိုင့်မြို့ တည်တောဆရာတော် ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ (စာအုပ်)**

> **❖ကထိန်အလှူတော်သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိသာ တစ်လတာအတွင်း ပြုလုပ်ရသောအလှူတော်ဖြစ်သည်။ ကထိန်အလှူခံရသော ပုဂ္ဂိုလ်သည် ကထိန်သင်္ကန်းကို ယနေ့အလှူခံပြီး ယနေ့ပင် ကံဆောင်ကာ ခင်းရသည်။ အလှူရှင်က သဒ္ဓါဖြင့် လှူဒါန်းသော သင်္ကန်းကိုသာ ကထိန်ခင်းထိုက်ပြီး ရဟန်းက ဥပါယ်တံမျဉ်ဖြင့် သင်္ကန်းကို အလှူမခံရခြင်း၊ သင်္ကန်းမှလွဲ၍ အခြားပစ္စည်းများဖြင့် ကထိန်မခင်းနိုင်ခြင်း၊ ကထိန်ခင်းသော ရဟန်းတော်သည် ဝါဆို၊ ဝါကပ်ရာ၌ ဝါကျိုးပေါက်ခြင်းမရှိရခြင်း စသည့်ကန့်သတ်ချက်များရှိသည်။ ❖**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဝတ္ထုတိုကဏ္ဍ

# အခင်းကြီးငယ် ရှိခါဝယ်လည်း

ညိမ်းညို



(၁)

ညဘက်ကြီး မီးလန့်သဖြင့် အောင်သုခရပ်ကွက် တစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်နေသည်။ မောင်ရေချမ်း ချက်ချင်းထ၍ မီးအိမ်ကိုထွန်းသည်။ အမေလည်း နိုးနေပြီ။ အမေကြီးမှာ အိပ်ပင်အိပ်ရသေးဟန်မတူ။

နံဘေးအိမ်တွေလည်း လှုပ်လှုပ်ရှားရှား ရှိနေကြသည်။ အော်သံခေါ်သံတွေ ဆူညံနေသည်။ လူတို့သည် မျှော်လင့်မထားသောဖြစ်ရပ်တို့ မျှော်လင့်မထားသော အချိန်တွင် ပေါ်ပေါက်လာလျှင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်တတ်ကြပုံပေါ်သည်။ ထိတ်လန့်မှုက ကြီးစိုးနေသဖြင့် အစီအစဉ်ကျနစွာ လုပ်ဆောင်နိုင်ခြင်း မရှိကြတော့ပုံ ဖြစ်သည်။

ည ၁၀ နာရီကျော်ခန့်ရှိပြီဖြစ်သည်။ လဆန်းရက်ဖြစ်သဖြင့် ကောင်းကင်သည် မည်းမည်းမှောင်နေ၏။ မောင်ရေချမ်းတို့အိမ်မှာ ရပ်ကွက်ဘောလုံးကွင်း၏မြောက်ဘက်၊ ဓမ္မရက္ခိတဘုန်းတော်ကြီးကျောင်း၏ အနောက်ဘက် တောင်ကုန်း ပြေပြေလေးပေါ်တွင် တည်ရှိခြင်းဖြစ်သည်။ မြို့ကလေး၏ အစိတ်အပိုင်း အတော်များများကို အပေါ်ဘက်မှ ကောင်းစွာမြင်နိုင်သော နေရာဖြစ်သည်။

မည်းမည်းမှောင်နေသော ကောင်းကင်ပြင် နောက်ခံတွင် အရှိန်ရစပြုနေသော မီးတောက်ကြီးများ လူးလွင့်ထွက်ပေါ်လာသည်။ မီးတောက်မှာ ဘောလုံးကွင်း၏ အခြားတစ်ဖက်ခြမ်းမှ ဖြစ်၏။ ပန်းမရပ်ကွက်ရှိ မီးသတ်ရုံမှ မီးသတ်ကား ဥသြဆွဲသံများကို တရစပ်ကြားလာရသည်။

အမေကြီးသည် တန်ဖိုးရှိနိုးရာရာလေးများကို ကျစ်ကျစ်ပါအောင် သိမ်းထုပ်နေသည်။

“အမေ သိပ်စိတ်မပူပါနဲ့။ မီးက ဝေးပါတယ်။ မီးသတ်ကားတွေလဲ လာပြီထင်တယ်"

“လိုတာလေးတော့ ကြိုပြင်ထားမှ သမီးရဲ့၊ မီးဆိုတာ အစိုးမရဘူး။ငါ့မြေးအပေါ်ထပ်လေး ထပ်ဝတ်အုံး၊ လေတဟူးဟူးနဲ့"

လေကြောင်းသင့်သဖြင့် မီးလောင်အိမ်များဘက်မှ ပြာမှုန်များလွင့်ဝဲပျံ့ကျလာသည်။ အမေကြီးက မောင်ရေချမ်း စိုးရိမ်ထိတ်လန့်မည်ကို တွေးပူနေသည်။

သိပ်မကြာသော ကာလအတွင်းမှာပင် မီးတောက်မီးလျှံများမှာ ကြည့်နေရင်းမှ တဖြည်းဖြည်း ပြေလျော့သွားသည်။ အရှိန်အဟုန်ဖြင့် ထိုးတက်နေခြင်းမျိုး မရှိတော့။ မီးသတ်ကားတွေ အချိန်မီရောက်လာကြပြီး တက်ညီလက်ညီ ဝိုင်းဝန်းငြိမ်းသတ်လိုက်ကြခြင်းပဲ ဖြစ်မည်ထင်သည်။ နံဘေးအိမ်များမှ လှုပ်ရှားနေသံများလည်း ပြန်လည် ငြိမ်ကျသွားသည်။

“ရေချမ်းရေ ရေချမ်း"

''အဘွား သမီးတို့ပါ”

လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် မောင်ရေချမ်းတို့ရှိရာ တောင်ကုန်းလေးပေါ်သို့ လူအုပ်တစ်အုပ်တက်လာသည်။ မောင်မောင်၊ကိုလင်းနှင့် ယမင်းတို့ ဖြစ်ကြ၏။ ကိုလင်း၏ ဦးလေးက လိုက်ပို့ခြင်းဖြစ်သည်။ မောင်မောင်၏ အဖေလည်းပါလာသည်။

“မီးတောက်တွေမြင်တာနဲ့ အစ်မကြီးတူက အတင်းလိုက်ပို့ခိုင်းတော့တာ။ သူ့သူငယ်ချင်းအိမ်နဲ့နီးတော့ စိတ်ပူလို့တဲ့"

ကိုလင်း၏ဦးလေးက အမေ့ကို ရှင်းပြနေသည်။ လူကြီးတွေ ရေနွေးကြမ်းသောက်နေကြသည်။ မောင်ရေချမ်းတို့ ကလေးတွေကတော့ မီးတောက်များ အရှိန်လျော့ကျသွားရာဘက်သို့ ငေးကြည့်နေကြသည်။

“မင်း တော်တော် လန့်သွားသလား"ဟု မောင်မောင်က မေးသည်။

“မလန့်ပါဘူးကွ။ ဘာလန့်စရာရှိလဲ" ဟု မောင်ရေချမ်းက ဖြေသည်။

“ပြာတွေ ကျန်သေးတယ်ဟဲ့"

ယမင်းက ခေါင်းပေါ်လွင့်ကျလာသော ပြာမှုန်များကို ခါထုတ်ရင်းပြောသည်။

"မီးကူးလာရင် ပစ္စည်းတွေဝိုင်းရွှေ့လို့ရအောင် လာကြတာကွ။ အခုတော့ ငြိမ်းသွားပြီထင်တယ်"

တွေးတွေးဆဆပြောနေသော ကိုလင်းမှာသည်တစ်ကြိမ်တော့ လူကြီးကလေးနှင့်တူသည်ဟု မောင်ရေချမ်း အောက်မေ့မိသည်။ သန်းခေါင်တိုင်ခါနီး စိတ်ချရပြီဆိုတော့မှ ကိုလင်းတို့အဖွဲ့ ပြန်သွားကြသည်။ အမေကြီးက မောင်ရေချမ်းကို စောင်ထပ်ခြုံပေးသည်။ ''မနက် စောစောထရအုံးမယ်" ဟု သတိပေးသည်။ မနက်ဖြန် လပတ်စာမေးပွဲရှိသဖြင့် မောင်ရေချမ်း စောစောထကာ စာတွေပြန်နွှေးရပါဦးမည်။

(၂)

ပထဝီဝင်အချိန်တွင် ဖြစ်၏။ ဆရာမသည် ရှေ့မှ ကျောက်သင်ပုန်းတွင် တွန့်ခေါက်တောင်တန်းများ၊ ပြတ်ရွှေ့ကြောပုံများကို ရေးဆွဲပြနေစဉ် ကျောင်းသားတစ်ဦး၏ညည်းညူသံကို ခပ်တိုးတိုး ကြားလိုက်ရ၏။

မောင်မောင်သည် တဆတ်ဆတ်တုန်နေရှာ၏။ မောင်ရေချမ်းသည် မောင်မောင့်ထံမှ အနွေးဓာတ်ကို သိသာစွာရနေသည်။ ဆရာမက မောင်မောင့်နဖူးကို စမ်းသပ်ကြည့်ရာ ကိုယ်ပူရှိန်များကာ ပူနွေးလျက်ရှိနေသည်။ မောင်မောင်တစ်ယောက် စာသင်ခန်းထဲမှာ ဖျားနေပါပကော။

ဆရာမအကြောင်းကြားသဖြင့် ဆရာဦးတိုးတစ်ယောက် ပဉ္စမတန်း(ဂ)တွင် စာသင်နေရာမှ ချက်ချင်း ရောက်လာရှာသည်။ ဆရာဦးတိုးက ဆရာမကိုခွင့်တောင်းပြီး မောင်မောင့်ကို သူ့အိမ်သို့ခေါ်သွားသည်။ မောင်ရေချမ်းလည်း လက်တိုလက်တောင်းလုပ်ပေးနိုင်ရန် လိုက်ပါသွား၏။ ကိုလင်းနှင့် ယမင်းကိုတော့ လူများနေမည်စိုး၍ ချန်ခဲ့ရသည်။

အန်တီငယ်က မောင်မောင့်ကို နွေးနွေးထွေးထွေး နေရာချပြီး ရေနွေးပူပူလေးတစ်ခွက် သောက်စေသည်။ ဆရာသည် ကျောင်းအုပ်ဆရာမကြီးကို အကျိုးအကြောင်းပြောပြ၍ ခွင့်တောင်းကာ ဒေါက်တာချိုဝင်းဇော်ဆေးခန်းသို့ သူ့စက်ဘီးလေးနှင့် အသော့ နှင်တော့သည်။ ဆရာ့မျက်နှာဝယ် တပည့်အတွက် စိုးရိမ်ပူပန်နေဟန်မှာ အထင်အရှားဖြစ်သည်။

မောင်မောင်မှာ တုန်၍တုန်၍ တဟင်းဟင်းညည်းနေရှာသည်။ ကိုယ်မှာပူနွေးလျက် မျက်နှာတစ်ခုလုံး သွေးရောင်လွှမ်းနေသည်။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် ဒေါက်တာချိုဝင်းဇော်သည် ကျောက်စိမ်းရောင်စူပါကပ်ဆိုင်ကယ်လေးစီးကာ ဆရာဦးတိုးအိမ်ခန်းရှေ့သို့ ရောက်လာသည်။ ဒေါက်တာက မောင်မောင့်ကို ဆေးတစ်လုံးထိုးပေးပြီး လိုအပ်သည့်သောက်ဆေးများပေးသည်။

အန်တီငယ်ကို ဆေးတိုက်ရမည့် အချိန်များမှာကြားနေစဉ် စက်ဘီးကလေးချောက်ချက်ချောက်ချက်နင်းကာ ဆရာဦးတိုး ပြန်ရောက်လာသည်။ နေပူပူအောက်တွင် ဆရာ့နဖူးပြင်အထက်မှချွေးများ တဖြိုင်ဖြိုင်စီးကျနေ၏။

"ကလေးက အအေးမိပြီး အစာမကြေဖြစ်တာနဲ့ ဆက်သွားတာဗျ။ သိပ်မစိုးရိမ်ပါနဲ့။ မနက်ဖြန် သန်ဘက်ခါဆို ဆရာ့တပည့် ဒေါင်ဒေါင်မြည်ပါပြီ"

ဒေါက်တာချိုဝင်းဇော်က စက်ဘီးဒေါက်ထောက်နေသောဆရာ့ကို အကျိုးအကြောင်း လှမ်းပြောသည်။

"ဆေးတိုက်ရမဲ့ အချိန်တွေကိုတော့ ဆရာကတော့်ကို မှာခဲ့တယ်ဗျ"ဟု ဒေါက်တာက ဆက်ပြော၏။ ဆရာဦးတိုးက အိမ်ထဲဝင်လာပြီး ဒေါက်တာ့လက်ကိုဆုပ်ကိုင်ကာ ကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောသည်။

"ကလေးတွေကျန်းမာရေးအတွက် ဆရာကကျွန်တော့်ကို ကျေးဇူးတင်သလို ကလေးတွေ ပညာရေးအတွက် ကျွန်တော်ကလဲ ဆရာ့ကို ကျေးဇူးတင်နေရတာ အတူတူပါပဲဗျ”

ဒေါက်တာချိုဝင်းဇော်က ကွမ်းကလေးမြုံ့ကာ အေးချမ်းစွာ စကားဆိုရင်း ပြန်သွားသည်။

ဆရာဦးတိုးက မောင်မောင့်နဖူးကို ရေဖတ်အုပ်ပေးသည်။ အန်တီငယ်ထံမှ ဆန်ပြုတ်ပူပူလေးရတော့ ဆေးတိုက်သည်။ ဆေးမတိုက်မီနှင့် ဆေးတိုက်နေစဉ် နှုတ်ကလည်း တတွတ်တွတ် ရွတ်နေသေးသည်။

"ဘုရားဆေး၊ တရားဆေး၊ သံဃာ့ဆေး၊ ရသေ့ရှစ်သောင်း သူတော်ကောင်းဆေးကွဲ့။ ငါ့တပည့်လေး အမြန်ဆုံး သက်သာပျောက်ကင်းပါစေကွယ်”

ညနေကျောင်းဆင်းချိန်တွင် ဆရာဦးတိုးက မောင်မောင့်ကို အိမ်သို့လိုက်ပို့သည်။ သောက်ရမည့်ဆေးများကို အချိန်နှင့်တကွ မောင်မောင့်ဖခင်ထံ သေသေချာချာ အပ်နှံမှာကြားပြီးမှ ပြန်သွားလေသည်။

(၃)

ကျောင်းမှာ မောင်မောင်တစ်ယောက် နေမကောင်းဖြစ်ကြောင်း မောင်ရေချမ်းက မေမေနှင့် အမေကြီးကို ပြောပြသည်။ မောင်မောင်တို့ ဆေးရုံကုန်းရပ်ကွက်နှင့် မောင်ရေချမ်းတို့ အောင်သုခရပ်ကွက်က ဆက်လျက်ဖြစ်သည်။ ကြား၌ ကံဦးကျောင်းပရိယတ္တိစာသင်တိုက်တစ်ခုသာ ခြား၏။

အမေကြီးက မောင်မောင့်အတွက် ကြက်သားစွပ်ပြုတ်လုပ်ပြီး သွားပို့ခိုင်းသည်။ မေမေက သူ့ဈေးဆိုင်မှ မောင်မောင်ဖျော်သောက်နိုင်ရန် နို့မှုန့်ထုပ်တစ်တွဲ ထည့်ပေးလိုက်သည်။ မောင်မောင့်အဖေက မောင်ရေချမ်းကို ကျေးဇူးတင်နေရှာသည်။

သူ့ခမျာအလုပ်တစ်ဖက်နှင့်မို့ သားဖြစ်သူအတွက် အခုမှဆန်ပြုတ်ပြုတ်နေတုန်း ရှိသေး၏။ မောင်မောင်ကား အဖျားကျသွားပြီ။ မျက်နှာလေး ပြုံးပြုံးရွှင်ရွှင်ရှိသည်။ မောင်ရေချမ်းက ယူလာသည့် ကြက်သားစွပ်ပြုတ်ပြင်ပေးပြီး ညနေသောက်ရမည့်ဆေးပါ တစ်ခါတည်းတိုက်လိုက်သည်။

မောင်ရေချမ်းပြန်မည်လုပ်တော့ ကိုလင်းနှင့် ယမင်းပါ စက်ဘီးလေးတွေကိုယ်စီနှင့် ရောက်လာကြသဖြင့် ဆက်ပြီးနေလိုက်သည်။ စားစရာတွေလည်း ပါလာသည်။ မောင်မောင့်ကို အားပေးရင်း သူငယ်ချင်းလေးယောက် ထုံးစံအတိုင်း ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ကာ စကားတွေလုပြောကြသည်။

ပြီးတော့ မောင်မောင့်ကို ချွေးထွက်အောင် လမ်းလျှောက်ခေါ်သွားကြသည်။ ဆေးရုံကုန်းရှေ့က ကွင်းကြီးထဲအရောက်တွင် ကစားဖြစ်အောင် ကစားလိုက်ကြသေး၏။ မောင်မောင်ကတော့ သူ့သူငယ်ချင်းများကို ကွင်းဘေးမှ ငေးကာ အားပေးနေရှာသည်။ မောင်ရေချမ်းလည်း မှောင်ရီပျိုးမှ အိမ်ပြန်ရောက်တော့သည်။ မေမေနှင့်အမေကြီးတို့က ထမင်းမစားသေးဘဲ မောင်ရေချမ်းကို စောင့်နေကြ၏။

"မောင်မောင်ကလေး သက်သာရဲ့လား" ဟု မေမေနှင့် အမေကြီးတို့နှစ်ဦးစလုံးက စိုးရိမ်စွာမေးသည်။ မောင်ရေချမ်းက ရယ်ကျဲကျဲနှင့် ''ဟုတ်ကဲ့" ဟု ဖြေ၏။

သူငယ်ချင်းများနှင့် ကစားသန်ခဲ့သော မောင်ရေချမ်းတစ်ကိုယ်လုံးမှာ ချွေးတွေ၊ သံတွေနှင့်သာ။

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်း ၂၁၆၂ ဧက ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်း ၂၁၆၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၆၂ ဧက ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၂ ဒသမ ၁၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ အစေ့ထုတ်ပြောင်း ၂၁၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တောင်သူတွေ အစေ့ထုတ်ပြောင်းကို သီးသန့်စိုက်ကြသလို ပဲစင်းငုံသီးနှံနဲ့ သီးညှပ်စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ စိုက်ပျိုးရေး ဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

မြောင်မြို့နယ်တွင် အစေ့ထုတ် ပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ် ပြောင်းတစ်ဧကလျှင် ၄၂ ဒသမ ၁၅တင်း ထွက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၇၁ ဧက စိုက်ပျိုးမည်

**ငပုတော နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၇၁ ဧကထိ စိုက်ပျိုးမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာထွန်းက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၇၁ ဧကကို လျာထားပြီး ယခုနှစ် ဒီဇင်ဘာလ ပထမအပတ်တွင် စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၃၇၁ ဧက လျာထားစိုက်ပျိုးမှာ ဖြစ်ပါတယ်။ လက်ရှိ နှမ်းတွေ လျာထားဧက အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်တဲ့ နည်းပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံတွေ လျာထားချက်အတိုင်း အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက် နေပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာထွန်းက ပြောပြသည်။



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ဟိုင်းကြီးကျွန်းမြို့တွင် စိုက်ပျိုးသွားမည့် နှမ်းအပါအဝင် ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ အထွက်နှုန်း ကောင်းစေရန်၊ ပိုးသတ်ဆေး၊ အပင်အားဆေးစသည့် ဆေးဝါးများ အသုံးပြုမှု မှန်ကန်စေရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ အသိပညာပေးသွားမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးကျော်စွာထွန်းထံမှ သိရသည်။ **ကျော်ကျော်လင်း**

# အုတ်တွင်းမြို့နယ် ကြံခင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်တွင်း နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြံခင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ကြံခင်းကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သန်း ၂၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကြံခင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၀ ဒသမ ၅၅ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၉ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ် သန်း ၂၀ ထုတ်ချေးခဲ့ကြောင်း အုတ်တွင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။ **ချိုလေး**

## မဟာလူသား ဇာနည်ဖွား

- တောင်ကုန်းတောင်ဆင့် တောင်အမြင့်က
လွင့်လွင့်လူလူ တံခွန်ထူသည့်
ဟန်မူအာဂ သတ္တိလှနှင့်
မြန်မာ့အလံ မိုးထိယံသည်
မြဲမြံစိတ်ထား ယောကျာ်းကောင်းတို့
သောင်းသောင်းဖြဖြ စွမ်းပကား။

- ကျူးကျော်ရန်ကြွေး ကြုံလာဘေးကို
အသွေးအသက် စတေးလျက်ဖြင့်
စဉ်ဆက်တိုက်ထုတ် ရန်မျိုးဖြုတ်သည်
မဆုတ်မနစ် ကြွေးကျော်ဟစ်ရင်း
ချစ်သည့်ပြည်သူ သည်းကြည်ဖြူလျက်
ညီတူသည့်အား စစ်သည်များက
တရားသောစစ် အောင်ပြီဖြစ်။

- ရောက်ရာဒေသ ကျရာတာဝန်
ကျေပွန်ဝန်ထမ်း ကြိုးပမ်းသွားရင်း
အမှားမရှည် တရားသည်ဖြင့်
ချစ်ကြည်ရင်တွင်း မေတ္တာနှင်းလျက်
ပြစ်ကင်းသည့်လူ အသည်းဖြူသည်
ကောင်းမှုအင်္ဂါ အဖြာဖြာသော
မဟာလူသား ဇာနည်ဖွား
သူ့ရဲကောင်းများ မာစေသား။

**ကိုရွှေတေဘသား(ဆင်ကူး)**

# အင်္ဂပူမြို့နယ် ပေါက်သာကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြန်အောင် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်သာကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း အဖွဲ့ဝင်များနှင့်အတူ ပေါက်သာကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်က ဆောင်ရွက်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် ဆွေးနွေး မှာကြားသည်။

အင်္ဂပူမြို့နယ် ပေါက်သာကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၆၈၀၊ အကျယ် ၁၀ပေ ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူ့ထည့်ဝင်ငွေ ကျပ်သိန်း ၃၀ ကို အသုံးပြု၍ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက နည်းပညာပံ့ပိုးပေး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီး ပြီဖြစ်ကြောင်း မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန လက်ထောက်ညွှန် ကြားရေးမှူး ဒေါ်အေးအေးလှိုင် ထံမှ သိရသည်။

**သံသာ**

# တရုတ်-မြောက်ကိုရီးယား-ရုရှား ဆက်ဆံရေးအလားအလာ

မောင်စိန်အိ(နဘဲမြေ)

မြောက်ကိုရီးယားစစ်သည် ၁၀၀၀၀ ကျော်ကို ရုရှားနိုင်ငံသို့ စေလွှတ်ထားသည်ဆိုသောသတင်း အပေါ်စိုးရိမ်ပူပန်မှု မြင့်တက်နေသည့်အချိန်တွင် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးသည် ရုရှားနိုင်ငံသို့သွားရောက်ခဲ့ပြီး ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် တရုတ်နိုင်ငံသို့ရောက်ရှိနေခဲ့သည်။

မြောက်ကိုရီးယားစစ်သည် ၁၀၀၀၀ ကျော်ကို ရုရှားနိုင်ငံသို့စေလွှတ်ထားသည်ဟု သတင်းများ ထွက်ပေါ်နေသည့်အချိန်တွင် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးချိုဆွန်ဟွီးသည် နှစ်နိုင်ငံ ဆွေးနွေးပွဲများအတွက် ရုရှားသို့ရောက်ရှိခဲ့သည်။ ရုရှားနိုင်ငံတွင် မြောက်ကိုရီးယားစစ်သည်များရှိနေခြင်းသည် တောင်ကိုရီးယား၊ အမေရိကန်နှင့် အခြားသောနိုင်ငံများအပေါ် သတိပေးချက်ဖြစ်ပေါ်လျက်ရှိသဖြင့် ယူကရိန်းပဋိပက္ခနှင့်ကိုရီးယားကျွန်းဆွယ်တို့တွင် တင်းမာမှုများမြင့်တက်လာမည်ကို စိုးရိမ်ပူပန်မှုများမြင့်တက်လာစေလျက်ရှိသည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက ယူကရိန်းပဋိပက္ခတွင် ပါဝင်ကူညီတိုက်ခိုက်ရန် မြောက်ကိုရီးယားစစ်သည် ၁၀၀၀၀ ကျော်ကို တပ်ဖြန့်ချထားသည်ဟု ယခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် သတိပေးပြောကြားသွားခဲ့သည်။ ထိုအချိန်မှစ၍ တောင်ကိုရီးယား၊ အမေရိကန်တို့ထံမှ တရားဝင်ထုတ်ပြန်ချက်များနှင့် အစီရင်ခံမှုများထွက်ပေါ်လာခဲ့ပြီး ဥရောပသည် ရုရှားတွင်မြောက်ကိုရီးယားစစ်သည်များစွာရောက်ရှိနေမှုကို အတည်ပြုထားလျက်ရှိသည်။ သို့သော် ယူကရိန်းအနီးရှိရှေ့တန်းစစ်မျက်နှာ၌ရောက်ရှိနေသလားဆိုသောအချက်ကို လက်ရှိအချိန်ထိအတည်ပြုနိုင်ခြင်းမရှိသေးပေ။

အမေရိကန်တို့၏အဆိုအရ မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံအရှေ့ဖျားဒေသတွင် လေ့ကျင့်သင်တန်းပေးရန် စစ်သည် ၁၀၀၀၀ ကျော်စေလွှတ်ထားကြောင်း၊ ၎င်းတပ်ဖွဲ့ဝင်များကိုစစ်မြေပြင်တွင်တပ်ဖြန့်ချထားရန် သို့တည်းမဟုတ် ယူကရိန်းနယ်စပ်အနီး Kursk ဒေသတွင် ယူကရိန်းတပ်ဖွဲ့များကိုထိုးစစ်ဆင်နေသော စစ်ဆင်ရေးများတွင် အထောက်အကူပြုစေရန် ရည်ရွယ်ထားဖွယ်ရှိကြောင်းသိရသည်။ မြောက်ကိုရီးယားစစ်သည်များ၏တည်နေရာနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို သဲသဲကွဲကွဲမသိရှိရသေးသော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်းစစ်သည်များအနက် တပ်ဖွဲ့ဝင်တချို့ကို ယူကရိန်းနှင့်နီးစပ်သောအနောက်ပိုင်းနေရာသို့ ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

တောင်ကိုရီးယားအစိုးရက ၎င်းတို့အနေဖြင့် ယူကရိန်းသို့ လက်နက်ခဲယမ်းများပေးပို့သွားရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်းသတိပေးချက်ထုတ်ပြန်ထားသည်။ မြောက်ကိုရီးယားနှင့်ရုရှားနိုင်ငံတို့ကြား စစ်ရေးဆိုင်ရာပိုမိုပူးပေါင်းဆောင်ရွက်မှုကြောင့် ရင်ဆိုင်ရမည့်ပြဿနာများကို ထိုင်ကြည့်နေ၍ ရမည်မဟုတ်ကြောင်း အမျိုးသားလုံခြုံရေးအရာရှိက ပြောကြားသွားခဲ့သည်။

တပ်ဖွဲ့များ စေလွှတ်တပ်ဖြန့်ချထားမှုသည် မြောက်ကိုရီးယား-ရုရှား စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၏ ရုတ်ခြည်းတိုးတက်လာမှုတွင် နောက်ထပ်ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံသို့ လက်နက်နှင့်ခဲယမ်းများထောက်ပံ့ကူညီပေးခြင်းဖြင့် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ စတင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ လက်နက်၊ ခဲယမ်းများကူညီမှုအတွက် အပြန်အလှန်အားဖြင့် မြောက်ကိုရီးယားသည် ကာကွယ်ရေးဆိုင်ရာအထောက်အပံ့များလက်ခံရရှိခဲ့ဖွယ်ရာရှိကြောင်း၊ အထူးသဖြင့် စစ်ဘက်ဂြိုဟ်တုလွှတ်တင်ရေးနှင့် ပဲ့ထိန်းဒုံးကျည်အစီအစဉ်များအတွက် အကူအညီများလက်ခံရရှိနေဖွယ်ရာရှိကြောင်း တောင်ကိုရီးယားကျွမ်းကျင်ပညာရှင်များက သတိပေးပြောကြားထားသည်။

နှစ်နိုင်ငံတပ်မတော်များကြား ပူးပေါင်းဆောင်ရွက်မှုသည် ယခုနှစ် ဇွန်လအတွင်း ရုရှားသမ္မတဗလာဒီမာပူတင်၏ မြောက်ကိုရီးယားခရီးစဉ်အတွင်း အပြန်အလှန်ကာကွယ်ရေးစာချုပ်လက်မှတ်ရေးထိုးခဲ့ပြီးနောက် တရားဝင်ဖြစ်လာခဲ့သည်။ အောက်တိုဘာ ၂၄ ရက်တွင် ရုရှားအောက်လွှတ်တော်သည် ၎င်းစာချုပ်ကိုတရားဝင်အတည်ပြုခဲ့သည်။



ထိုအတောအတွင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးသည် အောက်တိုဘာ ၂၈ ရက်တွင် ရုရှားနိုင်ငံသို့ထွက်ခွာသွားကြောင်း နိုင်ငံပိုင်မီဒီယာကထုတ်ပြန်ခဲ့သည်။ ခရီးစဉ်နှင့်စပ်လျဉ်း၍ မြောက်ကိုရီးယားအနေဖြင့် အသေးစိတ်အစီရင်ခံခြင်းမရှိသော်လည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ချိုဆွန်ဟွီးသည် ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂေးလက်ဗရော့ဗ်နှင့်မဟာဗျူဟာမြောက်ဆွေးနွေးပွဲများပြုလုပ်ရန် ရုရှားသို့တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေကြောင်း အတည်ပြုပြောကြားခဲ့သည်။

ချိုဆွန်ဟွီးသည် ရုရှားသို့တပ်ဖွဲ့ဝင်များထပ်မံစေလွှတ်ရန်နှင့် ထိုသို့စေလွှတ်မှုအတွက် မြောက်ကိုရီးယားအနေဖြင့် မည်သည့်အရာများပြန်လည်ရရှိမလဲဆိုသောကိစ္စများနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးညှိနှိုင်းသွားဖွယ်ရာရှိကြောင်း လွှတ်တော်သို့ အစီရင်ခံခဲ့သည်ဟု တောင်ကိုရီးယားလွှတ်တော်အမတ်တစ်ဦးက ပြောကြားသွားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးသည် ရုရှားသို့ရောက်ရှိနေစဉ်မှာပင် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးအင်ဒရေးရူဒန်ကိုသည် တရုတ်သို့ရောက်ရှိနေခဲ့ပြီး အောက်တိုဘာ ၃၀ ရက်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယား၊ ရုရှားတို့နှင့် သုံးနိုင်ငံလုံခြုံရေးမိတ်ဖက်ဆက်ဆံရေးလုပ်ဆောင်မှုမှန်သမျှကို သိုသိုသိပ်သိပ်လုပ်ဆောင်ရန်ကြိုးပမ်းနေသည့်အချိန်မှာပင် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး၏ တရုတ်သို့အချိန်ကိုက်သွားရောက်မှုသည် မြောက်ကိုရီးယားအရေးဆွေးနွေးသွားရန်ပင်ဖြစ်ပြီး ထိုသို့မဟုတ်လျှင် ရူဒန်ကိုနှင့်ဝမ်ယိတို့ကြားဆွေးနွေးရန် ခေါင်းစဉ်ရှိဖွယ်ရာမရှိကြောင်း သုံးသပ်ပြောဆိုမှုများရှိနေသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ကျီယန်သည် ရူဒန်ကို-ဝမ်ယိ ဆွေးနွေးပွဲများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များ ပြောကြားရန်ငြင်းဆိုခဲ့ပြီး ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ရပ်တည်ချက်သည် မပြောင်းမလဲ တစ်သမတ်တည်းဖြစ်ကြောင်းကိုသာ ပြောဆိုခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် နှစ်နိုင်ငံဝန်ကြီးများတွေ့ဆုံဆွေးနွေးပြီးနောက် အသေးစိတ်အချက်အလက်ကိုထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင်ပါဝင်သော အချက်အလက်အများစုသည် တရုတ်- ရုရှား ဆက်ဆံရေးအခြေအနေကိုဖော်ပြခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းတစ်လျှောက်တွင် အကောင်းဆုံးအခြေအနေဖြစ်ကြောင်းဖော်ပြထားသည်။ ရူဒန်ကိုနှင့် ဝမ်ယိသည် ယူကရိန်းအရေးနှင့် အခြားသောပြဿနာများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြောင်းဖော်ပြထားသည်။

ရူဒန်ကိုသည် အောက်တိုဘာ ၂၈ ရက်တွင် ကိုရီးယားကျွန်းဆွယ်ရေးရာများဆိုင်ရာ တရုတ်အထူးကိုယ်စားလှယ်ဖြစ်သူ လျူရှောင်မင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲ၌ မြောက်ကိုရီးယားအရေးကို အဓိကထားဆွေးနွေးခဲ့သော်လည်း ရုရှားနှင့်လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို လူသိရှင်ကြားထုတ်ပြန်ခဲ့ခြင်းမရှိပေ။

ရူဒန်ကိုနှင့် လျူတို့သည် ဒေသတွင်းတင်းမာမှုများမြင့်တက်လာမှုများ၊ အမေရိကန်နှင့်မဟာမိတ်များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကြောင့် အန္တရာယ်မြင့်တက်လာစေမှုများအပြင် အရှေ့မြောက်အာရှနိုင်ငံများကြား လုံခြုံရေးဆိုင်ရာအပေးအယူဖြစ်စေသောနိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာမဟာမိတ်ဖွဲ့မှုများအပေါ် အလွန်အမင်းစိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားခဲ့သည်။

နှစ်ဦးစလုံးသည် ကိုရီးယားကျွန်းဆွယ်နှင့် အရှေ့မြောက်အာရှတွင် ခွဲခြား၍မရသောလုံခြုံရေး၏ မျှတသောစနစ်ဖန်တီးရာတွင် ကုလသမဂ္ဂ၏ မူဘောင်အတွင်းဆောင်ရွက်ခြင်းအပါအဝင် နီးစပ်သောညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ချိတ်ဆက်မှုတို့ ဆက်လက်လုပ်ဆောင်သွားရေးကတိကဝတ်ပြုခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ယူကရိန်းပဋိပက္ခတွင်ပါဝင်ဆင်နွှဲရန် ရုရှားနိုင်ငံ၌ မြောက်ကိုရီးယားတပ်ဖွဲ့များ တပ်ဖြန့်ချထားသည့်သတင်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပေးရန် အကြိမ်ကြိမ်ငြင်းဆိုလျက်ရှိသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ကျီယန်က မိမိအနေဖြင့် မျှဝေသွားရန် သတင်းအချက်အလက်မရှိကြောင်း၊ ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ရပ်တည်ချက်သည်မပြောင်းလဲကြောင်းနှင့် ကိုရီးယားကျွန်းဆွယ်အရေးသည်လည်း သဘောထားတစ်ခုတည်းဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက်တွင် ပြောကြားသွားခဲ့သည်။

ရုရှားရှိမြောက်ကိုရီးယားတပ်ဖွဲ့များနှင့်ပတ်သက်၍ အောက်တိုဘာ ၂၉ ရက်တွင် မေးမြန်းချိန်၌ လင်ကျီယန်က တရုတ်နိုင်ငံအနေဖြင့် အခြေအနေလျှော့ချရန်နှင့် ယူကရိန်းအရေးတွင် နိုင်ငံရေးဆိုင်ရာအဖြေရှာရေးအတွက် သက်ဆိုင်သူအားလုံးကို တောင်းဆိုထားကြောင်း၊ တရုတ်၏ရပ်တည်ချက်သည် မပြောင်းမလဲဆက်လက်ရပ်တည်လျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။ ရုရှားတွင် မြောက်ကိုရီးယားတပ်ဖွဲ့များ တပ်ဖြန့်ချထားမှုသတင်းများနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံအနေဖြင့် ၎င်းကိစ္စနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ရရှိထားခြင်းမရှိကြောင်း ပြောဆိုကာယခင်ကတည်းက ငြင်းဆိုခဲ့ပြီးဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မက်သရူးမီလာက ၎င်းကိစ္စနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံနှင့်ဆွေးနွေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် စိုးရိမ်ပူပန်ရလျက်ရှိသော ၎င်းကိစ္စနှင့်စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်းသိရှိနိုင်ရန် တရုတ်နိုင်ငံနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏အိမ်နီးချင်း ရုရှားနှင့်မြောက်ကိုရီးယားတို့၏ လုပ်ဆောင်မှုကြောင့် မတည်မငြိမ်ဖြစ်ပေါ်လာနိုင်မှုအပေါ် စိုးရိမ်ပူပန်သင့်ကြောင်း အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသွားခဲ့သည်။

အမေရိကန်သည် အောက်တိုဘာ ၃၁ ရက်တွင် နှစ်နိုင်ငံနိုင်ငံခြားရေးနှင့်ကာကွယ်ရေးဝန်ကြီးများ၏ 2 + 2 အစည်းအဝေးပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့ကို လက်ခံခဲ့သည်။ ၎င်းအစည်းအဝေးသည် မြောက်ကိုရီးယား-ရုရှားလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အဓိကထားဆွေးနွေးသွားဖွယ်ရာရှိသည်။

ရုရှားနိုင်ငံ၌ကျင်းပခဲ့သည့် BRICS ထိပ်သီးဆွေးနွေးပွဲတွင် ရုရှားနိုင်ငံ၌မြောက်ကိုရီးယားတပ်ဖွဲ့များရောက်ရှိနေမှုကိုပြသနေသည့် ဂြိုဟ်တုမှတ်တမ်းဓာတ်ပုံများနှင့်စပ်လျဉ်း၍ မေးမြန်းမှုအပေါ် ရုရှားသမ္မတဗလာဒီမာပူတင်က ယူကရိန်းတွင်လည်း NATO အရာရှိများရောက်ရှိနေကြောင်း၊ မြောက်ကိုရီးယားတပ်ဖွဲ့များကိုရုရှား၏ ကြိုဆိုလက်ခံမှုသည် တရားမျှတမှုကို ဖော်ညွှန်းနေခြင်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ဆိုရလျှင် ရုရှားနိုင်ငံသို့ မြောက်ကိုရီးယားစစ်သည် ၁၀၀၀၀ ကျော်စေလွှတ်ထားသည့်သတင်းများနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများမြင့်တက်နေသည့်အချိန်တွင် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးသည် ရုရှားနိုင်ငံသို့ရောက်ရှိနေသကဲ့သို့ ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးကလည်း တရုတ်နိုင်ငံသို့ရောက်ရှိနေခြင်းသည် တိုက်ဆိုင်မှုမဟုတ်ဘဲ သုံးနိုင်ငံဆက်ဆံရေး၏နက်ရှိုင်းမှုကိုဖော်ပြနေဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

– China, North Korea Hold Talks With Russia Amid Reports of North Korean Troop Deployments By The Diplomat.

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလဲ့က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက် ထိ ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲစင်းငုံများ ဝယ်ယူမှုများပြားလာခြင်းသည် ပြည်တွင်း ပဲလုပ်ငန်းများ လည်ပတ်အားကောင်းမွန်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"လက်ရှိပဲစင်းငုံတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ် ကောင်းလာပါတယ်။ ကျောင်းကုန်းမြို့နယ်ဒေသထွက်ပဲစင်းငုံတွေကို ဒေသပွဲရုံတွေကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ထဲကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်။ အောက်တိုဘာလထဲမှာ ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလဲ့က ပြောပြ၍ သိရသည်။

အဆိုပါ ဒေသထွက် ပဲစင်းငုံများကို ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပဲစင်းငုံ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် စာတက်ကူကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ငဖဲ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် သာယာကုန်းကျေးရွာအုပ်စု စာတက်ကူကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ စာတက်ကူကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာတက်ကူကျေးရွာ၌ အရှည် ၁၈၄၅၈ ပေ ရှိ ကျေးရွာတွင်း ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်းများကို VDP စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၀၅ ဒသမ ၅ သိန်း စုစုပေါင်း ငွေကျပ် ၄၅၅ ဒသမ ၅ သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဇင်မာ**

# IUCN က သစ်ပင်မျိုးစိတ်များ မျိုးသုဉ်းနိုင်ခြေမြင့်မားလာကြောင်း ထုတ်ပြန်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၃**

နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN) က သစ်ပင်မျိုးစိတ်များ မျိုးသုဉ်းနိုင်ခြေမြင့်မားလာသည်ဟု ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၉၂ နိုင်ငံတွင် သစ်ပင်မျိုးစိတ်များ မျိုးသုဉ်းရန် အန္တရာယ်ရှိနေပြီး သစ်ပင်မျိုးစိတ် သုံးမျိုးတွင် တစ်မျိုးသည် မျိုးသုဉ်းနိုင်ကြောင်း၊ IUCN မှထုတ်ပြန်သည့် အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းတွင် မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် သစ်ပင်မျိုးစိတ်ပေါင်း ၁၆၀၀၀ ကျော်ရှိသည်ဟု သတိပေးထားသည်။

IUCN အစီရင်ခံစာအရ သစ်ပင်များ ခုတ်ထွင်ခြင်း၊ လယ်ယာစိုက်ပျိုးခြင်းနှင့် လူသားများ၏ လယ်ယာနှင့် မြေယာ တိုးချဲ့ခြင်းများအပြင် မိုးခေါင်မှုနှင့် တောမီးများက သစ်ပင်မျိုးစိတ်များ မျိုးသုဉ်းခံရနိုင်ခြေကိုမြင့်မားစေသော အကြောင်းတရားများဖြစ်ကြောင်း၊ လက်ရှိ IUCN၏ Red List တွင် ပါဝင်သောမျိုးသုဉ်းလုနီးပါး သစ်ပင်မျိုးစိတ်ပေါင်း ၅၀၀၀ ကျော်သည် ဆောက်လုပ်ရေးလုပ်ငန်းသုံး သစ်များထုတ်သည့် သစ်ပင်မျိုးစိတ်များဖြစ်ကာ မျိုးသုဉ်းလုနီးပါး မျိုးစိတ်ပေါင်း ၂၀၀၀ ကျော်သည် ဆေးဝါး၊အစားအစာနှင့် လောင်စာအတွက်အသုံးပြုနေကြကြောင်း Botanic Gardens Conservation International ၏ထိန်းသိမ်းစောင့်ရှောက်ရေးအကြီးအကဲ အန်မလီဘိချ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KZ**

# ကနေဒါနိုင်ငံ ကန်နာနာစကစ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေ

**အော့တဝါ နိုဝင်ဘာ ၃**

ကနေဒါနိုင်ငံ ကန်နာနာစကစ် နယ်မြေတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးသည် Peter Lougheed Provincial Park ဥယျာဉ်မှစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ကနေဒါ မီးသတ်ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် မြေပြင်မှသွားရောက်ငြိမ်းသတ်ရန် ခက်ခဲသည့် အခြေအနေဖြစ်နေပြီး တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး တာဝန်ရှိသူတချို့ကို စေလွှတ်ကာစုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် သဘာဝအလျောက် လောင်ကျွမ်းသည့် တောမီးလောင်ကျွမ်းမှုမျိုးမဟုတ်သည့်အတွက် တရားခံအားဖော်ထုတ်နိုင်ရေးအတွက် စတင်စုံစမ်းနေခြင်းဖြစ်ကြောင်း ကန်နာနာစကစ်နယ်မြေ အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့ကြောင်း သိရသည်။

"ကန်နာနာစကစ်နယ်မြေမှာ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ အန္တရာယ်ရှိတဲ့အခြေအနေဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ ကန်နာနာစကစ်နယ်မြေမှာရှိတဲ့ Peter Lougheed Provincial Park ဥယျာဉ်ကနေ အစပျိုးလာတာလဲ ဖြစ်ပါတယ်။ မြေပြင်ကနေသွားရောက်ပြီးတောမီးငြိမ်းသတ်ဖို့ ခက်ခဲတဲ့အခြေအနေလဲဖြစ်ပါတယ်။ ဒါကြောင့် လေကြောင်းအကူအညီရယူထားပြီးတော့ လေကြောင်းကနေ တောမီးကို ကူညီငြိမ်းသတ်ပေးနေပါတယ်။ ရဟတ်ယာဉ်တွေနဲ့ တောမီးအခြေအနေကို ကင်းထောက်တယ်။ ဆိုးဆိုးရွားရွား လောင်ကျွမ်းတဲ့နေရာကိုဦးစားပေးငြိမ်းသတ်နိုင်ဖို့အတွက် ရဟတ်ယာဉ်တွေနဲ့ ကင်းထောက်ပြီး မီးသတ်တပ်ဖွဲ့ဝင်တွေကို ညွှန်ကြားပေးနေပါတယ်"ဟု ကနေဒါမီးသတ်ဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# စပိန်နိုင်ငံ ရေဘေးဒဏ်သင့်နယ်မြေများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေ

**မက်ဒရစ် နိုဝင်ဘာ ၃**

စပိန်နိုင်ငံ ရေဘေးဒဏ်သင့်နယ်မြေများကို ယနေ့မှစ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်း စပိန်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်နှင့် စစ်သည်အင်အား ဦးရေ ၁၀၀၀၀၀ ထိ စေလွှတ်ပေးခဲ့ပြီး ရှင်းလင်းရေး လုပ်ငန်းများကို အမြန်ဆုံး ပြီးဆုံးအောင်ဆောင်ရွက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်သွားမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများ ပြားသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်ယူသွားရမည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က ပြောကြားခဲ့သည်။

"စပိန်နိုင်ငံမှာငြိမ်းချမ်းနေတဲ့ကာလအတွင်း လက်နက်ကိုင်တပ်ဖွဲ့တွေ အကြီးမားဆုံးအော်ပရေးရှင်းဝင်ရတဲ့ သဘာဝဘေးအန္တရာယ် ဖြစ်ပါတယ်။ ကယ်ဆယ်ရေးနဲ့ ရှင်းလင်းရေးလုပ်ငန်းတွေဆောင်ရွက်ပေးနေတဲ့ လက်နက်ကိုင် တပ်ဖွဲ့ဝင်တွေ လိုအပ်တဲ့ အရင်းအမြစ်မှန်သမျှကို ချက်ချင်းရရှိနိုင်စေဖို့အတွက် Mobile စနစ်နဲ့ အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သဘာဝဘေးဒဏ်သင့်နယ်မြေတွေမှာ တုံ့ပြန်ရေးအစီစဉ်တွေက လုံလောက်မှုမရှိတာကိုလဲ ကျွန်တော်နားလည်ပါတယ်။ ဘာပဲဖြစ်ဖြစ်ဒီပြဿနာကို အမြန်ဆုံးဖြေရှင်းပေးနိုင်အောင် ကြိုးစားသွားမှာပါ"ဟု စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

ရေဘေးဒဏ်သင့်နယ်မြေများသို့ စပိန်ဘုရင်နှင့်တော်ဝင်မိသားစုများကလည်း သွားရောက်ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားသွားမည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ်က အတည်ပြုခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**



# ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူဦးရေ ၂၀၀၀၀၀ ခန့် ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

**တိုကျို နိုဝင်ဘာ ၃**

ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းတွင် နိုဝင်ဘာ ၂ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေပမာဏမြင့်တက်မှုဖြစ်ပေါ်လာခဲ့ပြီး အန္တရာယ်ရှိသည့်အခြေအနေဖြစ်သည့်အတွက် ဒေသခံလူဦးရေ ၂၀၀၀၀၀ ခန့်ကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း Japan Meteorological Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်း ထန်စွာရွာသွန်းခဲ့ခြင်းမှာ တရုတ်(တိုင်ပေ)တွင် တိုက်ခတ်ခဲ့သော Kong-rey တိုင်ဖွန်းမုန်တိုင်းကြောင့်ဖြစ်ပြီး မိုးရွာသွန်းမှုနှုန်း မြင့်မားသည့်အတွက် ခရိုင် ၁၀ ခရိုင်တွင် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ကာ Japan Meteorological Agency က အန္တရာယ်ဇုန်အဖြစ်သတ်မှတ်ထားသည့် ဧရိယာများမှ အာဏာပိုင်အဖွဲ့အစည်းက ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြင့်ရင်ဆိုင်နေရသည့်ဧရိယာများအနက် မက်ဆူယာမာမြို့သည် ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသည့် မြို့ဖြစ်ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများမှာ မက်ဆူယာမာမြို့ခံများ အများဆုံးပါဝင်နေသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှင်ကန်ဆန်ကျည်ဆန်ရထားခရီးစဉ်ကို ယာယီဆိုင်းငံ့ထားသည့် တိုကျိုမြို့နှင့် ဖူကူအိုကာနယ်မြေတောင်ဘက်ပိုင်းနယ်မြေများသို့ ကျည်ဆန်ရထားဖြင့် ခရီးသွားရန် အခက်အခဲရှိနေကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# တရုတ်နှင့် ရုရှားနိုင်ငံတို့ပူးပေါင်း၍ အန္တာတိက၏အဏ္ဏဝါရေပြင်တွင် ပုစွန်ဆိတ်ငယ်များ ဖမ်းဆီးမှုနှင့်ပတ်သက်၍ ကန့်သက်ချက်များပြုလုပ်

**မော်စကို နိုဝင်ဘာ ၃**

တရုတ်နှင့် ရုရှားနိုင်ငံတို့ ပူးပေါင်း၍ အန္တာတိက၏အဏ္ဏဝါရေပြင်တွင် ပုစွန်ဆိတ်ငယ်များ ဖမ်းဆီးမှုနှင့်ပက်သက်၍ ကန့်သက်ချက်များပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပုစွန်ဆိတ်ငယ်များဖမ်းဆီးခြင်းဆိုင်ရာ ကန့်သတ်ချက်များကို ထုတ်ပြန်ခဲ့ခြင်းသည် ဒေသတွင်း အလွန်အကျွံ ဖမ်းဆီးခြင်းမှ ကာကွယ်ရန်ဖြစ်ပြီး ပုစွန်ဆိတ်ငယ်များသည် အခြားသောအဏ္ဏဝါသတ္တဝါများအတွက် အရေးပါသောအစာဖြစ်သဖြင့် ယခုကဲ့သို့ဖမ်းဆီးမှုနှင့်ပက်သက်၍ ကန့်သက်ချက်များ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများထံမှ သိရသည်။

ပုစွန်ဆိတ်ငယ်များဖမ်းဆီးမှုနှင့်ပက်သက်၍ ယခင်ကတည်းက ကန့်သက်ချက်များ ပြုလုပ်ခဲ့ကြောင်း၊ ယခုအခါ ရုရှား၏ဦးဆောင်မှုဖြင့် ပုစွန်ဆိတ်ငယ်များဖမ်းခြင်းကို တားမြစ်ထားသည့် ကန့်သက်ချက်၊ သဘောတူညီချက်ကို ရုရှားနှင့် တရုတ်နိုင်ငံအပါအဝင် အန္တာတိကနိုင်ငံ ၂၆ နိုင်ငံက လက်မှတ်ရေးထိုးကာ သဘောတူစာချုပ်ကို သက်တမ်းတိုးခဲ့ကြောင်း အန္တာတိကအဏ္ဏဝါအရင်းအမြစ်များ ထိန်းသိမ်းရေးကော်မရှင် (CCAMLR) က ထုတ်ပြန်ခဲ့သည်။

ပုစွန်ဆိတ်ငယ်များသည် သေးငယ်သော်လည်း ပင်ဂွင်များ၊ ဖျံများနှင့် ဝေလငါးများကဲ့သို့ အဏ္ဏဝါသတ္တဝါများအတွက် အရေးပါသောအစားအစာ အရင်းအမြစ်တစ်ခုဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ အပူချိန် မြင့်တက်မှုကြောင့် အစားအစာ ရှားပါးနေချိန်တွင် ပုစွန်ဆိတ်ငယ်များ ဖမ်းခြင်းကို တားမြစ်ထားသည့် ကန့်သက်မှုသဘောတူညီချက်သည် အဏ္ဏဝါသတ္တဝါများအတွက် များစွာအထောက်အပံ့ ဖြစ်စေကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# အသည်းအဆီဖုံးရခြင်းအကြောင်း

ပေါက်ပေါက်

အသည်းသည် လူ့ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများထဲတွင် အကြီးဆုံး ကိုယ်တွင်းကလီစာတစ်ခုဖြစ်ပြီး ခန္ဓာကိုယ်၏ညာဘက်အပေါ်ပိုင်းနံရိုးအောက်တွင် တည်ရှိနေပါသည်။

**အသည်း၏လုပ်ငန်းဆောင်တာများ**

လူတို့ပါးစပ်က စားသောက်လိုက်သော အစားအစာများထဲတွင်ပါလာသည့် ပရိုတင်းနှင့် အဆီများကို အသည်းကခွဲခြားခြေဖျက်ပေးခြင်း၊ သွေးနှင့်အတူပါလာသော အဆိပ်အတောက်များနှင့် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော ဘေးထွက်ဓာတုပစ္စည်းများကို အသည်းက အချိန်တိုအတွင်းခြေဖျက်ပေးခြင်းနှင့် နှလုံးသို့သန့်စင်သောသွေးများရောက်ရှိစေရန် ဆောင်ရွက်ပေးခြင်း စသည့်ကြီးလေးသောလုပ်ငန်းဆောင်တာများကို အသည်းက ၂၄ နာရီပတ်လုံး တာဝန်ယူပေးသည်။

ထို့ပြင် အသည်း၏ ထူးခြားသောနောက်ထပ်လုပ်ငန်းတစ်ခုမှာ သည်းခြေရည်များ ထုတ်လုပ်ပေးခြင်းပင်ဖြစ်သည်။ ၎င်းသည်းခြေရည်များသည် အဆီပါသောအစားအစာများကို ခြေဖျက်ပေးခြင်း၊ အဆီဓာတ်များစုပ်ယူခြင်းနှင့် ဗီတာမင်ဓာတ်များကို ခန္ဓာကိုယ်က အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည်။ အသည်းသည် အစဉ်မပြတ်လှုပ်ရှားနေသောအင်္ဂါအစိတ်အပိုင်းဖြစ်ပြီး အသည်း၏လုပ်ငန်းတာဝန်များမှာ အလွန်များပြားသကဲ့သို့ အသည်းတွင်ဖြစ်တတ်သောရောဂါများမှာလည်း အလွန်များပြားသည်ဖြစ်ရာ အသည်းအဆီဖုံးခြင်းရောဂါသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

**အသည်းအဆီဖုံးခြင်း**

အသည်းအဆီဖုံးရောဂါသည် အမှန်စင်စစ် အသည်းတစ်ခုလုံးကို အဆီများဖုံးလွှမ်းနေခြင်းမျိုး မဟုတ်ဘဲ အသည်းထဲက ဆဲလ်တချို့တွင် အဆီအိတ်ဥလေးများ စုဝေးနေခြင်းသာဖြစ်သည်။ ကျန်းမာနေသူလူတစ်ဦး၏ အသည်းထဲတွင် အဆီဥစုနေသော အသည်းဆဲလ် အနည်းငယ်မျှသာရှိသည် သို့မဟုတ် မရှိသလောက် လွန်စွာနည်းသည်။ အရွယ်ရောက်ပြီးသူ လူတစ်ဦး၏အသည်းထဲတွင် အဆီဓာတ် ငါးရာခိုင်နှုန်းသာရှိသင့်သည်။ အကယ်၍ ယင်းပမာဏထက် ပိုများနေပါက အသည်းအဆီဖုံးရောဂါ (Fatty Liver Disease) ဖြစ်နိုင်သည်။


**အသည်အဆီဖုံးရခြင်းအကြောင်းများ**

အောက်ဖော်ပြပါ အခြေအနေ သုံးရပ်ကြောင့် အသည်းအဆီဖုံးတတ်သည်။

- Alcoholic Stea-tohepatitis ခေါ် အရက်အလွန်အကျွံသောက်ခြင်းကြောင့် အသည်းတွင် ဒဏ်ရာဖြစ်လာသည့် အသည်းအဆီဖုံးရောဂါတစ်မျိုးဖြစ်သည်။
- Non-alcoholic steato-hepotitis(NASH) ခေါ် အရက်ကြောင့်မဟုတ်ဘဲ သာမန်လူများတွင်ဖြစ်သော အဆီဖုံးရောဂါတစ်မျိုးဖြစ်သည်။ အထူးသဖြင့် အဝလွန်သူ၊ လမ်းလျှောက်နည်းသူ၊ ကိုယ်လက်လှုပ်ရှားမှုနည်းသူ၊ အအိပ်လွန်ကဲသူ၊ အဆီအအိမ့်အစားများသူ၊ ဇိမ်ခံလွန်းသူ၊ ဆီးချို၊ သွေးတိုး၊ သွေးအတွင်းအဆီများသူနှင့် အသက် ၅၀ ကျော် အမျိုးသမီးများတွင် ပို၍အဖြစ်များသည်။
- Acute Fatty Liver ခေါ် ကိုယ်ဝန်ဆောင်စဉ်တွင် အလွန်ဆိုးရွားသည့် အသည်းအဆီဖုံးရောဂါတစ်မျိုးဖြစ်သည်။

**ရောဂါလက္ခဏာများ**

လူအများစုတွင် ရောဂါလက္ခဏာ သိသိသာသာ မပြတတ်ပေ။ အသည်းအင်ဇိုင်းများ မြင့်တက်လာချိန်မှသာ ရင်ခေါင်း၏လက်ယာဘက်အပေါ်ပိုင်း၌ တင်းကျပ်ခြင်း၊ လက်ယာဘက်ရင်ဘတ်အောက်ပိုင်း မအီမသာဖြစ်ခြင်း၊ အတန်ငယ်နာကျင်ခြင်း၊ ကိုယ်ခံအားနည်းခြင်း၊ အစားအသောက်ပျက်ခြင်း၊ နုံးချိလာခြင်း စသည်ဖြင့်ခံစားရသည်။ ဖော်ပြပါရောဂါလက္ခဏာများက အသည်းအရွယ်အစားကြီးမားနေပြီဖြစ်ကြောင်းကို ဖော်ပြနေသည်။ အချိန်ကြာလာသည်နှင့်အမျှ နောက်ဆက်တွဲဆိုးကျိုးအဖြစ် အသည်းခြောက်လာနိုင်သည်။ အသည်းခြောက်လာပါက ဖော်ပြပါရောဂါလက္ခဏာများအပြင် အရေပြားပေါ်တွင် အနီစက်၊ အညိုကွက်များ ပေါ်လာခြင်း၊ သွေးယိုလွယ်ခြင်း၊ ရေဖျဉ်းစွဲခြင်း၊ ဝမ်းအမည်းသွားခြင်း၊ သွေးအန်ခြင်း၊ မျက်လုံးဝါခြင်း၊ အသားဟင်းအစားများသည့်အခါ ဝမ်းချုပ်လာပြီး သတိလစ်ချင်



သကဲ့သို့ဖြစ်ခြင်း၊ အိပ်ဆေး သို့မဟုတ် တိုင်းရင်းဆေးများသောက်ပါက အခြေအနေဆိုးလာပြီး သတိလစ်ချင်သလိုဖြစ်ခြင်း၊ ကြွက်သားများပျော့ပြီး အထိုင်အထခက်ခြင်း စသည်တို့ကို ခံစားရသည်။ အသည်းခြောက်ရာမှ အသည်းကင်ဆာအဆင့်သို့ ကူးသွားနိုင်သကဲ့သို့ အသည်းအဆီဖုံးရောဂါကလည်း အသည်းကင်ဆာအဖြစ်သို့ ကူးပြောင်းသွားနိုင်သည်။

**ကာကွယ်နည်း**

အရက်ကြောင့်ဖြစ်သော အသည်းအဆီဖုံးခြင်းကို ကာကွယ်ရန်အတွက် အရက်ဖြတ်ရမည်။ မသောက်ဘဲ မနေနိုင်ပါက၊ တစ်နေ့လျှင် တစ်ယူနစ် သို့မဟုတ် ၂၅ မီလီလီတာ သို့မဟုတ် ရေနွေးကြမ်းတစ်ခွက် ပမာဏမျှသာ သောက်ပါ။ ဝိုင်ကြိုက်သူများက တစ်နေ့လျှင် မီလီလီတာ ၇၀ မှ မီလီလီတာ ၈၀ ပမာဏထက် ပိုမသောက်ရ။ ဘီယာသောက်သူများက တစ်နေ့လျှင် ဘီယာမတ်ခွက်၏ တစ်ဝက်ခန့်သာ သောက်ပါ။ ထိုပမာဏများထက် ပိုမသောက်ပါနှင့်။ ရက်သတ္တပတ်လျှင် နာရီဝက်ခန့် သုံးကြိမ်မှ ငါးကြိမ်ထိ စက်ဘီးစီးခြင်း၊ ခပ်သွက်သွက်လမ်းလျှောက်ခြင်း၊ ပြေးခြင်းနှင့် အလေးမခြင်း စသည်တို့ကိုပြုလုပ်ပါ။ ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါရှိသူများကလည်း အသည်းအဆီဖုံးခြင်းနှင့် ဆက်စပ်နေ၍ ထိုရောဂါများ ဖြစ်မလာအောင် နေ့စဉ်ဘဝတွင် ကျန်းမာရေးအသိ၊ သတိဖြင့် ဆင်ခြင်နေထိုင်သင့်သည်။

**ကုသနည်း**

အသည်းအဆီဖုံးခြင်းအတွက် အသည်းစစ်ဆေးခြင်း၊ အာထရာဆောင်းရိုက်၍ စစ်ဆေးခြင်း၊ သွေးတွင်းအဆီပမာဏများ မများ စစ်ဆေးခြင်း၊ CT Scan MRI စက်ဖြင့်အသည်းထဲက အဆီပမာဏကို စစ်ဆေးခြင်း၊ အဆီဖုံးနေသော အသည်းမည်မျှခြောက်နေသည်ကို သိရှိနိုင်ရန်အတွက် အသည်း၏အသားစကို Biopsy ယူ၍စစ်ဆေးခြင်း၊ Fibro-scan ဖတ်စစ်ဆေးခြင်းတို့အပြင် အသည်းကျစ်သည်ကို တိုင်းသည့်စက်ဖြင့်လည်း စစ်ဆေးကာရောဂါကို ကုသလေ့ရှိသည်။ မှီတက်နေသော အချို့တိုင်းရင်းဆေးများက အသည်းအဆီဖုံးရောဂါရနိုင်သကဲ့သို့၊ အနောက်တိုင်းဆေးများတွင်လည်း အသည်းအဆီဖုံးရောဂါရနိုင်သည့် ဘေးထွက်ဆိုးကျိုးများရှိနေသည်။ ထို့ကြောင့် အမှန်တကယ် သိနားလည်သူ တိုင်းရင်းဆေးဆရာ သို့မဟုတ် ဆရာဝန်၏ညွှန်ကြားချက်အတိုင်းသာ ဆေးညွှန်းသုံးစွဲပါ။

**ဆောင်ရန်အစားအစာများ**

(က) Duke National University of Singapore မှ သုတေသီများ၏လေ့လာမှုအရ၊ ကော်ဖီ သို့မဟုတ် လက်ဖက်ရည်မှရသော ကဖင်းဓာတ်သည် အသည်းအဆီဖုံးခြင်းကိုသက်သာစေပြီး၊ အသည်းကို ပိုမိုကျန်းမာစေသောအာနိသင်များရှိကြောင်း လေ့လာတွေ့ရှိထားသည်။

( ခ ) အမျှင်များသော ဟင်းနုနယ်ရွက်ကဲ့သို့ အစိမ်းရောင် ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများနှင့် အစေ့အဆံများကို များများစားပါ။

( ဂ ) အနီရောင်ရှိသောအသားများ၊ ငါးနှင့် အခွံမာပင်လယ်စာများကို သေချာကျက်အောင်ချက်ပြုတ်စားပါ။

(ဃ) ရေများများသောက်ပါ။

( င ) အဆီနည်းသောအသားဖြစ်သည့် အရေခွံဖယ်ထားသော ကြက်သားစားပါ။

( စ ) ငါး၊ ကြက်ဥအကာနှင့် ပဲအမျိုးမျိုးတို့ကိုစားပါ။

(ဆ) အဆီထုတ်ထားသော နို့နှင့် နို့ထွက်ပစ္စည်းများကိုသာစားပါ။

( ဇ ) ကျန်းမာရေးနှင့်ညီညွတ်သော အသီးအနှံများဖြစ်သည့် အခွံမာသီး၊ ထောပတ်သီးတို့စားပါ။

( ဈ ) ပဲပိစပ်၊ ပြောင်းဖူးစားပါ။

**ရှောင်ရန်အစားအစာများ**

(က) အသည်းအဆီဖုံးပါက သည်းခြေရည်ထုတ်လုပ်မှုနည်းလာသဖြင့် အစာနှင့်အတူပါလာသောအဆီများကို ခြေဖျက်နိုင်စွမ်းအားနည်းသွားသည်။ ထိုအခါ အဆီပါသောအစားအစာတို့ကို များစွာစားမိပါက အစာမကြေ၊ ရင်ပြည့်ရင်ကယ်ခြင်းကိုဖြစ်စေသည်။ ထို့ကြောင့် ဆီစားသုံးမှုကို တတ်နိုင်သမျှလျှော့ချပါ။

( ခ ) သကြားများသော အစားအစာများဖြစ်ကြသည့် ဘီစကစ်၊ ကိတ်မုန့်နှင့် အခြားတာရှည်ခံအောင် ပြုလုပ်ထားသောမုန့်များကိုရှောင်ပါ။

( ဂ ) အထူးသဖြင့် အမဲဆီ၊ ဝက်ဆီတို့ကိုရှောင်ပါ။

(ဃ) ပဲဆီ၊ နှမ်းဆီများထက် နေကြာဆီနှင့် သံလွင်ဆီတို့ကိုသာစားပါ။

( င ) ဥအနှစ်နှင့် မလိုင်တို့ကို ရှောင်ပါ။

( စ ) ကာဗွန်ဖြင့်ပြုလုပ်ဖန်တီးထားသော အချိုရည်များကိုရှောင်ပါ။

**အသည်းအဆီဖုံးခြင်းအတွက် မြန်မာ့ဆေးစွမ်းကောင်းများ**

- "အသည်းအူ လဲလူ"ဟု ခေါ်ညွှန်းလေ့ရှိသည့် လဲလူပင်က အသည်းရောင်၊ အသည်းအဆီဖုံး၊ အသည်းကြီး၊ အသည်းခြောက်၊ အသည်းကင်ဆာ စသည့်အသည်းရောဂါအမျိုးမျိုးအတွက်သာမက အစာအိမ်၊ အူသိမ်၊ အူမများတွင်ဖြစ်သည့် ရောဂါများကိုလည်း ပျောက်ကင်းသက်သာနိုင်သည်။ လဲလူပင်တစ်ပင်လုံး (ပဉ္စငါးပါး) ဆေးဖက်ဝင်သည်။ လဲလူရွက်လက်တစ်ဆုပ်စာ ပမာဏကို ရေစင်စင်ဆေးပြီးနောက် နှစ်သက်သလို ဟင်းချိုချက်သောက်ခြင်း၊ ပြုတ်၍ အတို့ပြုလုပ်စားခြင်း၊ ငါးရံ့နှင့် ဟင်းချက်စားခြင်းတို့ ပြုလုပ်ပေးသင့်သည်။ လဲလူရွက် လက်တစ်ဆုပ်စာ ပမာဏကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။
- တောင်ဆီးဖြူပင်လက်တစ်ဆုပ်စာကို ရေနှင့် သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။ ပြီးလျှင် ချောကလက်စားပါ။ ထို့နောက် ကျွဲကောသီးစားပါ။ ယခုကဲ့သို့ တောင်ဆီးဖြူပင်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ပြီး ချောကလက်စားလိုက်ပါက အသည်းမှာ ချောကလက်တို့ ကပ်နေပါလိမ့်မည်။ ထို့နောက် ကျွဲကောသီးစားလိုက်သည့်အခါ အသည်းတွင်ကပ်နေသော ချောကလက်အပြင် အဆီတို့ကိုပါ တိုက်စားသွားခြင်းဖြင့် အသည်းတွင် ဖုံးနေသောအဆီများကွယ်ပျောက်သွားပါလိမ့်မည်။
- လိမ္မော်သီးစားပါ။ လိမ္မော်သီးက အသည်းအဆီဖုံးရောဂါအတွက်သာမက အသည်းကြီးခြင်း၊ ဆီးကျောက်တည်ရောဂါ၊ သည်းခြေအိတ်ကျောက်တည် ရောဂါများအတွက်ကိုလည်း လွန်စွာသင့်လျော်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အသည်းအဆီဖုံးရောဂါကို အမျိုးသားရော၊ အမျိုးသမီးများတွင်ပါ ဖြစ်တတ်ပြီး အရက်မသောက်သူများတွင်လည်း ဖြစ်တတ်သည်။ အရက်သောက်သုံးမှုနှင့် မသက်ဆိုင်သော အသည်းအဆီဖုံးရောဂါကို မျိုးရိုးဗီဇကြောင့် ဖြစ်ပွားတတ်သည်။ ထိုရောဂါရှင်များတွင် အသည်း၌ အဆီစုစည်းမှု ငါးရာခိုင်နှုန်းမြင့်တက်လာတိုင်း အမျိုးအစား-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၂၇ ရာခိုင်နှုန်း မြင့်တက်လာတတ်ကြောင်း ဗြိတိန်နိုင်ငံ ဘရူနယ်လ်တက္ကသိုလ်မှ သုတေသီများက သတိပေးထားပါသည်။ သို့ပါ၍ လူသားအားလုံးအသည်းအဆီဖုံးရောဂါ မဖြစ်လာစေရန် ကြိုတင်ကာကွယ်ထားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းသီးနှံ ၃၀၀၈ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧကပြည့်မီစေရေးအတွက် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဖူးစားပြောင်း ၇၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် ဖူးစားပြောင်း ၃၀၀၈ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒေသခံတောင်သူတွေ ဖူးစားပြောင်းစိုက်ပျိုးတာကို အောက်တိုဘာလ ဒုတိယပတ်လောက်ကစပြီး စိုက်ပျိုးခဲ့တာမှာ ဒီနေ့ထိ ဖူးစားပြောင်း ၇၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းသီးနှံစိုက်ပျိုးတဲ့လုပ်ငန်းက ပြောင်းဖူးရောင်းရတဲ့အပြင် ကျွဲ၊ နွား တိရစ္ဆာန်အစာအဖြစ် ဖူးစားပြောင်းပင်များကိုရောင်းချရလို့ နှစ်သီးစားဝင်ငွေရရှိပါတယ်။ ဒါ့ကြောင့် တောင်သူတွေက ဖူးစားပြောင်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြတယ်။ အဓိကစိုက်ပျိုးတဲ့ဖူးစားပြောင်းမျိုးကတော့ ရိုးရိုးသကြားပြောင်းနဲ့ အရပ်ခေါ် ပန်ရွှေသကြားပြောင်းမျိုးများကို စိုက်ပျိုးကြပါတယ်။ ဖူးစားပြောင်းသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အစားအစာ ဘေးကင်းလုံခြုံစေဖို့၊ အထွက်နှုန်း ကောင်းစေဖို့နဲ့ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးသွားကြဖို့ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကို အမှီပြုပြီး ဖူးစားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံစုံနှင့် စားဖိုဆောင်သီးနှံ စသည့် သီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ၌ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

ဖျာပုံ နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျုံကဒွန်းကျေးရွာ၌ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်အေး(နည်းပညာ)၊ ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်၊ ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကျုံကဒွန်းကျေးရွာ၌ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ကျုံကဒွန်းကျေးရွာ၌ အရှည်ပေ ၇၀ ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉၄ ဒသမ ၅ သန်းဖြင့် Golden Bogalay Brothers ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါသံကူကွန်ကရစ်တံတား ရာနှုန်းပြည့် ပြီးစီးပါက ကျုံကဒွန်းကျေးရွာရှိ အိမ်ခြေ ၁၃၅၀၊ လူဦးရေ ၈၆၉၆ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်အဆင်ပြေလာတော့မည်ဖြစ်ကြောင်း ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**







## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၁၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၁၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၁ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (၁0 ppm) | ၃၀၉၇ | ၃၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကိုသိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံပြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ကမ္ဘာ့ဖလားနဂါးလှေလျှော်ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူး

## ကမ္ဘာ့အားကစားပြိုင်ပွဲ ချန်ပီယံရှစ်နဂါးလှေလျှော်ပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ




ရန်ကုန် နိုဝင်ဘာ ၃

အပြည်ပြည်ဆိုင်ရာကနူးလှေလှော်အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Cup)ကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ Puerto Princ-esa မြို့၌ ကျင်းပခဲ့ရာ မြန်မာလှေလှော်အားကစားအသင်းက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် တစ်ခု ထပ်မံဆွတ်ခူးခဲ့ကြောင်း သိရသည်။

မြန်မာ၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ စပိန်၊ ဖိလစ်ပိုင်၊ ဟန်ဂေရီအသင်းတို့သည် နိုဝင်ဘာ ၂ ရက်က အမျိုးသား၊ အမျိုးသမီး မီတာ၂၀၀ (၁၀)တက်လှော်ဗိုလ်လုပွဲ ယှဉ်ပြိုင်ခဲ့ရာ အင်ဒိုနီးရှားအသင်းက ပထမ ရွှေတံဆိပ်၊ မြန်မာအသင်းက ဒုတိယ ငွေတံဆိပ်၊ တရုတ်(တိုင်ပေ) အသင်းက တတိယ ကြေးတံဆိပ် ရရှိခဲ့ကြသည်။

အလားတူ မြန်မာ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ယူကရိန်းအသင်းတို့သည် စာမျက်နှာ ၁၆ ကော်လံ ၁ ❖

ကမ္ဘာ့အားကစားပြိုင်ပွဲ ချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် မြန်မာလှေလှော်အားကစားအသင်းကို တွေ့ရစဉ်။

### ထူးခြားသည့် ညအပူချိန်များ (၃-၁၁-၂၀၂၄)

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၁၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၁၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၅၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** စာမျက်နှာ- ၁၇

**ToTo Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို တာကီဒါ ဆွတ်ခူး** စာမျက်နှာ- ၈

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
ISO 9001 : 2015
CERTIFICATE NO.TH011875
BEST QUALITY CEMENT ASTM.C150 TYPE I (42.5)
BEST QUALITY CEMENT ASTM.C150 TYPE II (32.5)